# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၉၀)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် ၊ ၂၃-၉-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပွင့်လင်းရာသီရောက်ပြီဖြစ်၍ ဝါးနက်ဆင်စခန်းသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားလာ

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေး-ပြင်ဦးလွင် ကားလမ်း ၁၆ မိုင်ဂိတ်မှ ငါးမိုင်ခန့်အကွာရှိ အရိပ်အာဝါသကောင်းမွန်ပြီး အေးချမ်းစွာ အပန်းဖြေ အနားယူနိုင်သည့်အပြင် ဆင်များဖြင့် ဝန်ဆောင်မှုပေးနေသည့် ဝါးနက်ဆင်စခန်းသို့ ပွင့်လင်းရာသီရောက်ပြီဖြစ်၍ လာရောက်လည်ပတ်သူ ခရီးသွားဧည့်သည် များပြားလာကြောင်း ဝါးနက်ဆင်စခန်းမှ တာဝန်ရှိသူက ပြောသည်။



အဆိုပါ ဆင်စခန်းတွင် ဆင်ကြီးရှစ်ကောင်နှင့် ဆင်ပေါက်လေး သုံးကောင်ရှိပြီး ဆင်များအား ဆင်စာဘူဖေးကျွေးသူများ၊ တစ်နိုင်တစ်ပိုင် ဆင်စာကျွေးသူများနှင့် ဆင်ပေါက်လေးသုံးကောင်ကို လာရောက်ကြည့်ရှုသူများဖြင့် လည်ပတ်သူ များပြားလာကြောင်း သိရသည်။

"ပွင့်လင်းရာသီရောက်ပြီ ဖြစ်သလို မကြာခင် သီတင်းကျွတ်ကျောင်းပိတ်ရက် ရုံးပိတ်ရက်ရှည် ရောက်တော့မှာပါ။ အဲဒီအချိန်ဆိုရင် ဆင်စခန်းကို လာတဲ့သူပိုများတယ်။

စာမျက်နှာ ၃ သို့ ★

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ


**ယနေ့ ဖတ်စရာ အညွှန်း**

ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ — စာမျက်နှာ ၂

ဘာနာဒိုဆေးလ်ဗားကို ခေါ်ယူရန် ဘာစီလိုနာအသင်းကြိုးပမ်း — စာမျက်နှာ ၁၁

လျှပ်စစ်ဝါယာရှော့ခ်ကြောင့် မီးလောင်ခြင်းအန္တရာယ်(ဆောင်းပါး) — စာမျက်နှာ ၁၇

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့။

မန္တလေး

## မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ကျယ်ပြန့်ထိရောက်စွာ အသုံးချနိုင်စေရန်နှင့် သုတေသီများ၊ ပညာရှင်များနှင့် တောင်သူများ အနီးကပ်ထိတွေ့၍ ဆွေးနွေးဖလှယ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

(၈၄) ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိ မြို့နယ်ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာပညာရှင်များက ရာသီဥတုအပြောင်းအလဲနှင့် ဆက်စပ်၍ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်၍ လွှမ်းခြုံနိုင်သော မျိုးစေ့ထုတ်လုပ်မှုစနစ်ကို ပိုမိုခိုင်မာစွာတည်ဆောက်ကာ အရည်အသွေးမြင့်မျိုးစေ့များ တောင်သူများလက်ထဲ ရောက်ရှိရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသနှင့်ကိုက်ညီသော မျိုးများ အသုံးပြုနိုင်ရေး၊ ဒေသအလိုက် မျိုးစေ့ဖူလုံရေးအတွက် ဒေသန္တရမျိုးစေ့စနစ် ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် တောင်သူတိုင်းကိုယ်တိုင် မျိုးစေ့ထုတ်လုပ်နိုင်စေရန် မျိုးစေ့ထုတ်နည်းပညာများ စနစ်တကျ မျှဝေပေးပြီး တောင်သူကိုယ်တိုင် ပူးပေါင်းပါဝင်သည့် မျိုးစေ့ထုတ်စနစ် ဖွံ့ဖြိုးတိုးတက်လာရေး ဦးတည်ဆောင်ရွက်သွားစေလိုကြောင်း၊ ယခုအခါ မျိုးစေ့ထုတ်ကုမ္ပဏီများ ပေါ်ပေါက်လာသော်လည်း စိုက်ပျိုးဧရိယာအားလုံးအတွက် ဖူလုံရန် လိုအပ်လျက်ရှိကြောင်း၊ ပြည်ပမှ မျိုးစေ့တင်သွင်းအသုံးပြုရခြင်းသည် ရေရှည်အတွက် အဖြေမဟုတ်ကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုမွန်က မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဂေဟဇုန်များ၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ အပူလွန်ကဲသည့်ဖြစ်စဉ်များ၊ ရာသီဥတုပြောင်းလဲမှု၊ ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရန်နည်းလမ်းများ၊ ဒေသအလိုက် မျိုးစေ့ဖူလုံရေးဆောင်ရွက်ရန်နည်းလမ်းများ၊ ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံမျိုးများထုတ်လုပ်ခြင်း၊ ဒေသအလိုက် ရာသီဥတုဒဏ်ခံနိုင်သည့်မျိုးများ စိုက်ပျိုးရွေးချယ်ခြင်း၊ ပွားများခြင်း၊ မျိုးစေ့ရှင်သန်နိုင်စွမ်းအားတို့နှင့် ပတ်သက်၍တင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို အသေးစိတ်ရှင်းလင်းဖြေကြားသည်။

(၈၄) ကြိမ်မြောက်ကျင်းပသည့် အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များ၊ သုတေသီများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူ ၂၁၈ ဦးက zoom point ၁၀၀ ဖြင့် တက်ရောက်ကြသည်။

ခိုင်မာသော မျိုးစေ့လုပ်ငန်းတစ်ခုဟူသည် အရည်အသွေးပြည့်မီသောမျိုးစေ့များကို လိုအပ်သောအချိန်၊ လိုအပ်သောနေရာတွင် လိုအပ်သောပမာဏကို တောင်သူလယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်သူများ ရရှိအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ၊ မြေ ရာသီဥတုအနေအထားအရ မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပြီး ပြည်တွင်းမျိုးစေ့လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်-၁၊ ၈၂ လမ်းနှင့် ၂၆လမ်းထောင့်နှင့် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေး ဘဏ်-၂၊ ၈၃လမ်းနှင့် ၂၄လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၂၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ၇၄ လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း ၃၈လမ်းနှင့် ၃၉လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၁၀၅လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားတွင်လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၅၉လမ်း၊ ၁၄၀ လမ်းထောင့်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ် ၂ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်မေက အမှာစကားပြောကြားသည်။ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လူငယ်များအနေဖြင့် စာအုပ်စာစောင်များကို အမြဲလေ့လာဖတ်ရှုစေလိုကြောင်း၊ စာပေကိုအမြဲလေ့လာဖတ်ရှုနေမှသာ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများကိုလည်းရှာဖွေ၍ လေ့လာမှတ်သားစေလိုကြောင်း စသည်များ အကျယ်တဝင့်ဟောပြောခဲ့သည်။ (အပေါ်ဝဲပုံ)

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နှင်းနုအေးက လူငယ်များအတွက် ပညာ၏ တန်ဖိုးနှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများမှ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **အောင်ဇော်မင်း**


## ဝတ်ရည်ဆမ်းသောလမ်း ကဗျာနှင့် ဝတ္ထုတိုပေါင်းချုပ် စာအုပ်ဖြန့်ချိ

**မန္တလေး စက်တင်ဘာ ၂၂**

ရဟန်းစာဆို အရှင်ဦးနန္ဒောဘာသ(ဝါ)ကလောင်ရှင် ထွန်းဝင့်သူ(ဆင်မြီးဆွဲ) တစ်ကိုယ်တော် ရေးသားပြီး ရန်ကုန်မြို့ သင်းစာပေမှထုတ်ဝေ၍ ဝင်းပပပုံနှိပ်တိုက်တွင် ပုံနှိပ်သော ဝတ်ရည်ဆမ်းသောလမ်း ကဗျာနှင့် ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို မန္တလေးမြို့ရှိ စာပေတိုက်များတွင် ၂၁.၉.၂၀၂၅ ရက်မှစ၍ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (ယာပုံ)

အဆိုပါ ဝတ်ရည်ဆမ်းသောလမ်း ကဗျာနှင့် ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် မောင်စိမ့်စမ်း (သဲကုန်း)၏ အမှာစာ၊ စာရေးသူကလောင်ရှင်၏ မိတ်ဆက်စာနှင့်အတူ ကာရန်ကဗျာ ၇၅ ပုဒ်၊ ဝတ္ထုတို ၂ ပုဒ်ပါဝင်ပြီး စာအုပ်တန်ဖိုးမှာ ၅၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။

(၀၉၉)



ပန်းမန်
သစ်ပင်
လေသန့်စင်၍
ဥယျာဉ်
တောတန်း
စိတ်ရွှင်
လန်း၏။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၂

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပြည်ထောင်စု အစီရင်ခံစာ အောင်မြင်စွာထုတ်ပြန်နိုင်ရေး အတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီ အဆင့်ဆင့်တို့၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှု၊ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပံ့ပိုးကူညီပေးကြသည့် ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် သန်းခေါင်စာရင်းကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများနှင့် စာရင်းကောက်ယူခြင်း လုပ်ငန်းများကို လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြားမှ စီမံချက်ပါ သတ်မှတ်အချိန်ဇယားအတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယင်းသို့ ကောက်ယူရရှိသည့် အချက်အလက်များကို အချက်အလက်အသုံးပြုသူများ၊ အစိုးရဌာနအဖွဲ့အစည်းများ လတ်တလောအသုံးပြုနိုင်ရေးအတွက် သန်းခေါင်စာရင်း၏ရှေ့ပြေး လူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းနောက် စာရင်းဇယားပြုစုခြင်းနှင့် ဆန်းစစ်လေ့လာခြင်း လုပ်ငန်းများနှင့် ပြည်ထောင်စု အစီရင်ခံစာများ ရေးသားပြုစုခြင်း လုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနက စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုပြုစုပြီးဖြစ်သည့် ပြည်ထောင်စုအစီရင်ခံစာတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်း/ပြည်ပ ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မွေးဖွားခြင်း၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းစသည့်အကြောင်းအရာများ ပါဝင်ပါကြောင်း။

ပြည်ထောင်စု အစီရင်ခံစာနှင့်အတူ အချက်အလက် အသုံးပြုသူများ လွယ်လွယ်ကူကူသိရှိအသုံးပြုနိုင်ရန် အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းဇယားများ အစီရင်ခံစာတို့ကိုပါ တစ်ပါတည်း ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအစီရင်ခံစာများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုရမည့် လူဦးရေနှင့် လူမှုဘဝဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ကြေညာခြင်းကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ကျင်းပနိုင်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်း၏ အနှစ်သာရသည် စာရင်းကောက်ယူနိုင်ခြင်းသာမက သန်းခေါင်စာရင်းအချက်အလက်များကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများနှင့် စာရင်းအင်းအသုံးပြုသူများ လက်ဝယ်ရောက်ရှိအောင် ပံ့ပိုးပေးနိုင်မှသာ သန်းခေါင်စာရင်း အောင်မြင်သည်ဟု ဆိုနိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု အစီရင်ခံစာ ထုတ်ပြန်ကြေညာမည့် နိုင်ငံတော်အဆင့် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးတက်ရောက်လာကြသူများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ သတ်မှတ်ချိန်အမီ ပြီးစီးရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ အချင်းချင်းပေါင်းစပ်ဆောင်ရွက်ရမည့် အခြေအနေများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်းနှင့် လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်က သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပနိုင်ရေး အခြေအနေနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဗဟိုသန်းခေါင်စာရင်း ကော်မရှင် အဖွဲ့ဝင်များ၊ အခမ်းအနားနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များက ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မည့် အခြေအနေ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

* ရှေ့ဖုံးမှ

လာရောက်လည်ပတ်သူက တစ်လကို ၁၀၀၀-၁၅၀၀ ဝန်းကျင်လောက်ရှိပြီး တချို့က ဆင်ပေါက်ကလေးတွေကို သဘောကျလို့ လာတာလည်းရှိတော့ ဧည့်သည် ပိုများလာတာပါ။ ဝင်ကြေးက ပြည်တွင်းဆိုရင် ငွေကျပ် ၁၀၀၀၊ ပြည်ပဧည့်သည်ဆိုရင် ငွေကျပ် ၁၀၀၀၀၊ ဆင်စီးခက ပြည်တွင်းဆိုရင် ငွေကျပ် ၅၀၀၀နဲ့ ပြည်ပဧည့်သည်ဆိုရင် ငွေကျပ် ၁၀၀၀၀ပါ" ဟု ၎င်းက ပြောသည်။

ဆင်စခန်းတွင် ဆင်အထီး သုံးကောင်နှင့် အမ ငါးကောင်အပြင် ဆင်ပေါက်ကလေးများရှိရာ တစ်နှစ်ရှစ်လသားအရွယ်ရှိ ငြိမ်းချမ်းဦး(အထီး)၊ ကိုးလသားအရွယ်ရှိ ငြိမ်းချမ်းအောင်(အထီး)နှင့် ငါးလသားအရွယ်ရှိ ငြိမ်းချမ်းမေ(အမ)ဟူ၍ သုံးကောင်ရှိရာ အဆိုပါဆင်ပေါက်ကလေးများ၏ ပြုမူဆော့ကစားနေမှုများကို ဧည့်သည်များ သဘောကျနှစ်သက်ကြကြောင်း သိရသည်။

**အပန်းဖြေအနားယူနိုင်**

ဒီနှစ် ခရီးသွားရာသီမှာ ဆင်စခန်းအနီးက သုံးထပ်ရေတံခွန်ကို ဆင်စီးပြီး လမ်းတစ်ဝက်အထိ အလည်အပတ်ပို့မယ့် ဝန်ဆောင်မှုအစီအစဉ်ရှိတယ်။ တော်တော်သာယာပြီး စခန်းကနေ တစ်နာရီလောက်သွားရတဲ့နေရာပါ။ မကြာခင် ခရီးသွားရာသီနဲ့ ကျောင်းနဲ့ ရုံးပိတ်ရက်ရှည်ရောက်တော့မှာဆိုတော့ လာရောက်လည်ပတ်ကြမယ့် ဧည့်သည်များမှာဖြစ်လို့ အေးအေးချမ်းချမ်း အနားယူအပန်းဖြေနိုင်ဖို့ စီစဉ်ထားပါတယ်ဟု ဆက်လက်ပြောကြားသည်။

ဆင်စခန်းဝန်းကျင်တွင် စားပင်နှင့် အရိပ်ရအပင်များ စိုက်ပျိုးထားပြီး နားနေရန်အဆောင်များ ပြင်ဆင်ထားရှိခြင်း၊ အရိပ်ကောင်းသည့်နေရာများတွင် ခုံတန်းလျားများထားရှိခြင်း၊ လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဆင်များက ဖျော်ဖြေတင်ဆက်ခြင်း၊ တောတွင်းခရီး မိနစ် ၃၀ ဆင်စီးခရီးဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ဆင်များအား အစာကျွေးခြင်း စသည်ဖြင့် အပန်းဖြေအနားယူနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၉၆ ရက်

သာ လိုတော့သည်။

- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ





နေပြည်တော် စက်တင်ဘာ ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

### အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆက်သွယ်ရေး၊ သတင်းနှင့် ပြန်ကြားရေးကဏ္ဍသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်၏ ကာလ (၃)ခုတွင် အဓိကအရေးပါသော ကဏ္ဍဖြစ်ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းများ၊ ရထားလမ်းများ၊ လေယာဉ်ကွင်းများနှင့် ချောင်းကူးမြစ်ကူးတံတားများကို ကွန်ရက်ဖြစ်အောင် တည်ဆောက်ထားခြင်းအားဖြင့် ဘေးအန္တရာယ်များကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များ အချိန်မီပေးပို့နိုင်ရေး၊ မှန်ကန်သည့် သတင်းများ ဖြစ်စေရေးသည် အရေးပါသကဲ့သို့ သတင်းအမှားများကို သိရှိရှောင်ရှားနိုင်ရေးသည်လည်း လွန်စွာအရေးကြီးကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များကို နိုင်ငံပိုင်သတင်းမီဒီယာများ၊ ဆက်သွယ်ရေးကွန်ရက်များကို အသုံးပြုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြ၍ ကြိုတင်ပြင်ဆင်နိုင်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုကို လျော့နည်းအောင် ဆောင်ရွက်နိုင်ခဲ့သည့် သာဓကများရှိခဲ့ကြောင်း။

### မှန်ကန်မြန်ဆန်စွာသိရှိရန်လို

ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် နိုင်ငံတော်က ကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်နှင့် မှန်ကန်မြန်ဆန်စွာသိရှိရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှုစာရင်းများကောက်ယူခြင်း၊ တိကျမှန်ကန်သော အချက်အလက်များမြန်ဆန်စွာရရှိခြင်းသည် ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အဓိကကျကြောင်း၊ ယနေ့စကားဝိုင်းဆွေးနွေးပွဲသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အကျိုးရှိသောဆွေးနွေးပွဲတစ်ခုဖြစ်သည့်အတွက် တက်ရောက်လာသူများအနေဖြင့် လေ့လာမှတ်သား၍ ထပ်ဆင့်မျှဝေပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။ (အပေါ်ပုံ)

စကားဝိုင်းဆွေးနွေးပွဲတွင် ဗဟိုစာရင်းအင်းအဖွဲ့၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအေးကျော် ကလောပင်မဓာတ်အားခွဲရုံနှင့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ရုံများ လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ ၁၃၂ ကေဗွီ ကလောပင်မဓာတ်အားခွဲရုံ Control Room နှင့် Switch Yard အတွင်း ဓာတ်အားထိန်းချုပ် ပို့လွှတ်ဖြန့်ဖြူးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထရန်စဖော်မာနှင့် လိုင်းထိန်းသိမ်းရေးများကို အမြဲမပြတ်စစ်ဆေးစောင့်ကြည့်ရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

### လှည့်လည်စစ်ဆေး

စက်တင်ဘာ ၂၀ ရက်ကလည်း ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်းရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ရုံ၌ အမှတ်(၂)စက်ဖြင့် ဓာတ်အားထုတ်လုပ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးနေမှု၊ ဓာတ်အားပေးစက် အမှတ်(၁) ပြင်ဆင်နေမှုနှင့် ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်တပ်ဆင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားကာ စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### လိုအပ်သည်များ မှာကြား

ထို့နောက် ဒေင်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေး လုပ်ကွက်အတွင်း



လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတွင် အခြေခံအကျဆုံး၊ အရေးကြီးဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် အတည်ပြုလွှဦးရေစာရင်း တိကျမှန်ကန်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး၊ မဲစာရင်းမှန်ကန်ရေးအတွက် လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့် စိစစ်၊ ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုခြင်းလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အလေးအနက်ထားကာ စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အဓိကရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်က လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



၎င်းနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ပါဝင်သော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှုမြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ



**ပြင်ဦးလွင် စက်တင်ဘာ ၂၂**

လူငယ်ကဏ္ဍကိုမြှင့်တင်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက ပြင်ဦးလွင်မြို့နယ်၊ သရက်ကုန်း (အ·လ·က)တွင် ကျင်းပရာ ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာစာပေယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူက "လူကုန်ကူးမှုအန္တရာယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် ဟောပြောဆွေးနွေးချက်များကို ကျောင်းသား၊ ကျောင်းသူများက မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ မေးမြန်းဆွေးနွေးချက်များအပေါ် ပီတိအပြုံးပညာရေးဖွံ့ဖြိုးမှုအဖွဲ့မှ အတွင်းရေးမှူး ဒေါ်မြအေးငြိမ်းက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများအား အသိအလိမ္မာရဖွယ် သုတ၊ ရသပုံပြင်များ ဖတ်ကြားပြခြင်း၊ အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသပေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**သွေးသွေး(ခရိုင်ပြန်/ဆက်)**



# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဒုတိယအကြိမ်) အာဟာရကျွေးမွေး

**မြစ်သား စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဘုန်းမြတ်ကို ဦးဆောင်ကာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများက မြို့ပေါ်အခြေခံပညာမူလတန်းကျောင်းများမှ KG ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက် ၉ နာရီမှစတင်၍ (ဒုတိယအကြိမ်) အာဟာရကျွေးမွေးခဲ့သည်။

အဆိုပါ အာဟာရကျွေးမွေးရာတွင် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ဆောင်ရွက်လျက်ရှိရာတွင် မြစ်သားမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများမှ KG ကျောင်းသား၊ ကျောင်းသူ ၁၇၀ ဦးကို အာဟာရကျွေးမွေးပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(အပေါ်ပုံ)**

**ဝါဝါမြင့်(မြစ်သား)**

**ဝ-ဝ-ဝ-ဝ-ဝ**

# စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး အသိပညာပေး ဟောပြောပွဲ၊ ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှုမြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီခွဲက အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မုန့်ပေါင်းကျေးရွာ အလင်းသစ်စာကြည့်တိုက်၌ အသိပညာပေး ဟောပြောပွဲ၊ ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပခဲ့သည်။



အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကျောင်းသား၊ ကျောင်းသူများနှင့်ကျန်းမာရေး၊ စာပေ၏ အကျိုးကျေးဇူး စသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ပြုလုပ်ခဲ့ရာ မုန့်ပေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်ခြင်း၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ခြင်း၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**သက်မောင်(ကျောက်ဆည်)**

**ဝ-ဝ-ဝ-ဝ-ဝ**

ပန်းမန်သစ်ပင် လေသန့်စင်၍
ဥယျာဉ်တောတန်း စိတ်ရွှင်လန်းစေ။

# မြန်မာ့ရိုးရာလက်ဝှေ့(သို့မဟုတ်)သံစဉ်များနှင့်အတူ ခုခံတိုက်ခိုက်ရသောပညာ

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းလိုလိုတွင် မိမိတို့၏ နိုင်ငံအလိုက် ကိုယ်ခံပညာများရှိကြ၏။ ဂျပန်နိုင်ငံတွင် ခါးရတေး(ကရာတေး)၊ ကိုရီးယားနိုင်ငံတွင် တိုက်ကွမ်ဒို၊ ထိုင်းနိုင်ငံတွင် မွေထိုင်း၊ လာအိုနိုင်ငံတွင် မွေလာအို၊ ကမ္ဘောဒီးယားနိုင်ငံတွင် ခွန်ခမာ၊ မလေးရှားနိုင်ငံတွင် ကိုမ္ဘိုင်၊ တရုတ်နိုင်ငံတွင် ကွန်ဖူးတို့ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင် မြန်မာ့ကိုယ်ခံပညာစစ်စစ်ဖြစ်သော မြန်မာ့ရိုးရာလက်ဝှေ့ကို ပြရမည် ဖြစ်သည်။

**မြန်မာ့လက်ဝှေ့**

မြန်မာ့ရိုးရာ လက်ဝှေ့သည် ရှေးခေတ်ကတည်းက ရှိခဲ့သော ရိုးရာအမွေအနှစ်စစ်စစ်ဖြစ်၏။ လက်နက်မသုံးဘဲ လက်သီး၊ တံတောင်၊ ခြေထောက်၊ ဒူး၊ ဦးခေါင်းတို့နှင့် လွတ်လပ်စွာ အသုံးပြုတိုက်ခိုက်၊ ခုခံကာကွယ်ရသော အားကစားနည်းစနစ်တစ်ရပ် ဖြစ်သည်။ မြန်မာလူမျိုးတို့သည် ဂီတအနုပညာကို မြတ်နိုးကြသည် ဖြစ်ရာ ရိုးရာလက်ဝှေ့ပွဲများတွင် ဆိုင်းတီးလုံးသံစဉ်များနှင့်အတူ လှုပ်ရှားတိုက်ခိုက်ကြောင်း တွေ့ရသည်။

**လက်ဝှေ့ပေါ်ပေါက်ပုံ**

လက်ဝှေ့ထိုးခြင်းသည် ယောက်ျားပီသစွာ မိမိကိုယ်ကို ခုခံကာကွယ်ရင်း ပြန်လည်တိုက်ခိုက်ရသော ကိုယ်ခံပညာတစ်ရပ်ဖြစ်၏။ ရှေးအကျဆုံးသော အားကစားနည်းတစ်ရပ်လည်း ဖြစ်သည်။ လွန်ခဲ့သော နှစ် ၅၀၀၀ ကျော်က ဆူမားရီးယန်းလူမျိုးများ လေ့လာလိုက်စား စတင်အသုံးပြုခဲ့ကြောင်း မှတ်တမ်းများရှိခဲ့သည်။ (BC-900) ရောက်သောအခါ အပျော်သဘောမှ ရက်စက်ကြမ်းကြုတ်သော အသွင်ပြောင်းလဲခဲ့သည်ဟု ဆိုသည်။ ရောမတို့၏ အေသင်မြို့တွင် လူနှစ်ဦး လက်ဝှေ့ထိုးရန် ရွေးချယ်ပြီး တစ်ဦးနှင့် တစ်ဦး လက်ဗလာ(လက်သီးသက်သက် အသုံးပြုပြီး) ယှဉ်ပြိုင်ထိုးသတ်စေခဲ့ရာမှ စခဲ့သည်။ ရောမနိုင်ငံတော် ခေတ်ကောင်းစဉ်က 'ဆစ္စတပ်'(ခေါ်)ချောမွတ်မာကျောသော သားရေလက်အိတ်များစွပ်၍ လက်ဝှေ့ထိုးသတ်ခြင်းကို ပြောင်းလဲခဲ့သည်။

မြန်မာနိုင်ငံတွင် လက်ဝှေ့ပေါ်ပေါက်လာပုံကို လေ့လာလျှင် လက်ဝှေ့ထိုးသတ်ခြင်းအားကစားသည် ရှေးပျူနိုင်ငံများလက်ထက်ကပင် စတင်ခဲ့သည်ဟု ယူဆကြသည်။ သို့သော် ပုဂံမြို့ နဂါးရုံဘုရားတောင်ဘက်ရှိ ဂူငယ်၏ အရှေ့မုခ်မြောက်နံရံတွင် ကင်းမြီးကောက်ထောင်နေသော လူပုံနှင့် ကိုယ်လုံးတီးတွင် ခါးစီးတိုတိုမျှသာ ဝတ်ဆင်ထားသော လူငယ်နှစ်ဦး နပန်းသတ်နေပုံကို ထင်ရှားစွာ ရေးဆွဲထားသည်ကို ကြည့်လျှင် ပုဂံခေတ်တွင် နပန်းသတ်ခြင်း၊ လက်ပန်းသတ်ခြင်း(ဝါ)လက်ဝှေ့သတ်ခြင်းလည်း ပေါ်ပေါက်နေပြီဟု ဆိုနိုင်သည်။

**လက်ဝှေ့အစ ပွဲကျောင်းက**

'ပွဲ'ဟူသည်မှာ စည်ကားသော၊ 'ကျောင်း'ဟူသည်မှာ အတတ်ပညာများကို သင်ပေးသော နေရာဖြစ်၏။ ထို့ကြောင့် 'ပွဲကျောင်း' ဆိုသည်မှာ အတတ်ပညာများကို သင်ကြားပေးသည့် စည်ကားသောနေရာဟု အဓိပ္ပာယ်ရသည်။ အေဒီ-၅ ရာစုတွင် 'ဂါမဝါသီ' ပွဲကျောင်းမှ ရသေ့တပသီများသည် တောထဲတွင် တရားထိုင်စဉ် အညောင်းအညာပြေစေရန်နှင့် ခိုးသားဓားပြတို့၏ အန္တရာယ်ကို ကာကွယ်နိုင်ရန်၊ သိုင်းပညာရပ်များ (လက်ဝှေ့)ကို တီထွင်ခဲ့ကြ၏။ ထိုပညာရပ်များကို ဘုရင့်နေပြည်တော်တွင် စစ်မှုထမ်းမည့် အမျိုးသားများအား သင်ကြားပြသပေးရန် သင်တန်းကျောင်းများကို ဖွင့်လှစ်ခဲ့ကြသည်။ ထိုသင်တန်းကျောင်းများကို 'ဂါမဝါသီပွဲကျောင်း' ဟုခေါ်တွင်သည်။ အနော်ရထာမင်းလက်ထက်တွင် ထိုဂါမဝါသီပွဲကျောင်းမှ ရသေ့တပသီများသည် လူများကို ဘာသာရေးမှိုင်းတိုက်ကာ စည်းစိမ်ခံစားခဲ့သော 'အရည်းကြီးဂိုဏ်း'အဖြစ် ပြောင်းလဲသွားရာ အနော်ရထာမင်းကြီးမှ နှိမ်နင်းခဲ့၍ ဂါမဝါသီပွဲကျောင်းများ မှေးမှိန်ပျောက်ကွယ်ခဲ့သည်။

ပင်းယခေတ် သက္ကရာဇ် ၆၈၄ ခုနှစ်တွင် နန်းတက်သော ဥဇ္ဇနာမင်းသည် စကားခုနစ်ကျောင်း ဆောက်လုပ်ခဲ့၏။ ထိုကျောင်းများမှာ နောင်တွင် 'ဂါမဝါသီပွဲကျောင်း'နှင့် 'အရညဝါသီပွဲကျောင်း'များအဖြစ် ထင်ရှားခဲ့ကြသည်။ ထူးခြားချက်မှာ ပင်းယခေတ်၌ ပေါ်ပေါက်သောပွဲကျောင်းများတွင် သင်ပြသောဆရာများမှာ ရသေ့တပသီများမဟုတ်ကြဘဲ ရဟန်းသံဃာများ ဖြစ်လာကြခြင်းဖြစ်သည်။ ထိုဆရာများထဲတွင် အင်းဝခေတ် 'ပထမမင်းခေါင်'(ခေါ်)'ဘုရင်မင်းဆွေ'၏ ဆရာ 'အောင်စည်းခုံ သံဃရာဇာဆရာတော်'မှာ အလွန်ထင်ရှားပြီး ထိုအင်းဝခေတ်တွင် ပွဲကျောင်းပညာရပ်များသည်လည်း အထွန်းကားဆုံးဖြစ်သည်။ ရှေးမြန်မာဘုရင်များလက်ထက်တွင် ပွဲကျောင်းလက်ဝှေ့ပညာရပ်များကို တပ်မတော်တွင် သင်ကြားစေခဲ့ခြင်းအပြင် လက်ဝှေ့သတ်ပွဲများကို ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြ၏။ အထူးသဖြင့် မန္တလေးရတနာပုံခေတ် သီပေါမင်းလက်ထက်တွင် ထင်ရှားသော လက်ဝှေ့ကျော်များအား 'လက်ဝှေ့တော်သတ်'ဘွဲ့ ချီးမြှင့်သူကောင်းပြုခဲ့ရာ မန္တလေးရတနာပုံနေပြည်တော်ခေတ်တွင် လက်ဝှေ့ထိုးသတ်ခြင်းအားကစားမှာ အလွန်တိုးတက်ထွန်းကားနေပြီဖြစ်သည်။

**လက်ဝှေ့အခင်းအကျင်း**

ရှေးခေတ် အစဉ်အလာအရ မြန်မာ့လက်ဝှေ့ကို မြေပြင်ပေါ်တွင် မြေစိုက်ဝိုင်းအဖြစ် ထိုးသတ်ကြသည်။ ၂၄ ပေပတ်လည်လေးထောင့် မြေစိုက်ဝိုင်းအတွင်းတွင် သဲ(သို့မဟုတ်)ဖွဲများ ခင်းကျင်းပြင်ဆင်ပြီး နံနက်နှင့် နေ့ခင်းပိုင်းတွင် ထိုးသတ်ကြ၏။ သို့သော် ၁၉၅၀ ပြည့်နှစ်ဝန်းကျင်တွင် ဆရာ'ကျားဘညိမ်း'၏ ကြိုးစားဆောင်ရွက်မှုကြောင့် ကျေးလက်ဒေသ မြေဝိုင်းလက်ဝှေ့ပွဲများမှ ကြိုးဝိုင်းစင်မြင့်ပွဲအဆင့်သို့ ရောက်ရှိလာခဲ့သည်။

**မြန်မာ့လက်ဝှေ့နှင့် ဆိုင်းသံစဉ်**

မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွင် မပါမဖြစ် ပါရှိရမည်မှာ နောက်ခံမြန်မာ့ဆိုင်းဝိုင်းဖြစ်သည်။ လက်ဝှေ့ပွဲမစမီ တွဲဆိုင်းရှာသောအချိန် (မိမိ၏ပြိုင်ဘက်အား ခေါ်သောအချိန်)တွင် ထိုးသတ်မည့် လက်ဝှေ့သမားတို့က လက်ဝှေ့ဟန်ရေးပြရသည်။ လက်ဝှေ့ဟန်ရေးပြရာတွင် ကိုယ်ရည်သွေးဆိုင်းဆင့်လင်္ကာ(လက်ဝှေ့စကားကြိမ်းဆိုင်းဆင့်) ရွတ်ဆိုလေ့ရှိ၏။ ရွတ်ဆိုရာတွင် လက်ပန်းပေါက် သုံးကြိမ်ခတ်ပြီး ...

**'ကျွဲကျွဲ ရေစိပ်ကျွဲဟဲ့နော်**
**တွဲဖက်တူ တကယ်ပေါ်က**
**နယ်ကျော်အောင် ဗယ်တော်နှင့် ညှင်းလိုက်မယ်**
**ကွင်းလို့ရှောင်သွား**
**ယောက်ျားဘသား'**

. . . ဟု ကြိမ်းဝါးကာ လက်ပန်းပေါက်သုံးကြိမ်ခတ်၍ ဆိုင်းချက်နှင့်အညီ လက်ဝှေ့ဟန်ရေးပြရ၏။ ထိုအခါ ထိုလက်ဝှေ့သမားနှင့် ယှဉ်ပြိုင်လိုသူသည် လက်ဝှေ့ကြိုးဝိုင်းစင်ပေါ်သို့ တက်ရောက်ပြီး လက်ပန်းပေါက် သုံးကြိမ်ခတ်ကာ ...

**'ဘက်မတွေ့**
**လက်ဝှေ့တော် ငါသာဟန်တဲ့**
**ခံလာလျှင် ခန္ဓာမွေးကြမယ်**
**ဓေးကရှောင်ကွင်း'** ဟု ကြိမ်းဝါးကာ လက်ပန်းပေါက်ခတ်ပြီး လက်ဝှေ့ဟန်ရေးပြရလေ၏။ ထိုအချိန်တွင် ဆိုင်းဝိုင်းမှ 'လေးခင်းသံ' တီးပေးရသည်။

**'ဗေပုံထီးပုံထီ . . . ဗေပုံထီးပုံထီ**
**ဗေထီ . . . ဗေထီ**
**ဗေပုံ ထီးပုံ ထီးပုံထီးပုံ . . . ထီ'** ဟူသော လေးခင်းသံမှာ လက်ဝှေ့ပွဲလာ ပရိသတ်တို့၏ ရင်ကိုခုန်စေပြီး စိတ်လှုပ်ရှားစေ၏။ လက်ဝှေ့ထိုးမည့် သူများအတွက် စိတ်အားတက်ကြွစေသော သံစဉ်ဖြစ်သည်။ လက်ဝှေ့ထိုးသတ်ချိန်တွင် ဗိန်းမောင်းတီးလေ့ရှိ၏။ **'ထီးချမ်း၊ ထီးချမ်း၊ ထီးချမ်း၊ ထီ ထီ ထီ'**ဟူသော ပတ်မကြီး၏ အသံမြင့် တီးလုံးသံနှင့်အတူ လက်ဝှေ့သမားများ အစွမ်းကုန်ထိုးသတ်ကြသည်။ သတ်လုံးကြမ်းလေ ဆိုင်းချက်ကြမ်းလေဖြစ်၏။ ထို့ကြောင့် မြန်မာ့လက်ဝှေ့သည် စည်းချက်၊ သံစဉ်နှင့်အညီ ခြေအနတ်၊ အသိမ်း၊ လှုပ်ရှားကစားရသည့် အနုပညာမြောက်သော အားကစားတစ်မျိုး ဖြစ်သည်။



**မြန်မာ့ရိုးရာလက်ဝှေ့ကို ပြန်လည်ဖော်ဆောင်ခြင်း**

ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ် သူ့ကျွန်ဘဝရောက်ခဲ့ပြီးချိန်မှ စတင်၍ မြန်မာ့ရိုးရာ ကိုယ်ခံပညာများအား ဥပဒေထုတ်ပိတ်ပင်ခံခဲ့ရခြင်းကြောင့် တစ်ချိန်က ဘုရင်ကိုယ်တိုင် အားပေးကြည့်ရှုခဲ့သော

**'မျောက်လေးကွက်ချိုး၊ ကျားကိုးကွက်သွား**
**နဂါးကြေးလှန်၊ ဂဠုန်ပန်ရှူး**
**ဘီလူးပန်းဆွဲ၊ ပုလဲတွဲသီ**
**နဂျီပျားတုပ်၊ ကျားပုတ်လက်ကြမ်း**
**ဝက်ဝံ ဝမ်းခွဲ မျောက်လွှဲမြေလူး**
**ကျွဲဦးတိုက်ခွေ့ မောင်းလွှဲမွေ့သည်**
**လက်ဝှေ့လက်ပန်း ဆယ်နှစ်ခန်း'** ဟု ရှေးကတည်းက စနစ်တကျ တီထွင်ဖန်တီးထားခဲ့သော မြန်မာ့လက်ဝှေ့ပညာမှာ သေးသိမ်ကာ မှေးမှိန်ခဲ့ပြီး အနိမ့်ခံဘဝ ရောက်သွားခဲ့ရလေသည်။

ထို့ကြောင့် လက်ဝှေ့ပညာကို မြတ်နိုးတန်ဖိုးထားသော ကျေးလက်ဒေသလယ်သမားများသည် လက်ဝှေ့ပညာရပ် မပျောက်ကွယ်သွားစေရန် အဓိကထိန်းသိမ်းခဲ့ကြ၏။ မြန်မာ့လက်ဝှေ့ကျော်များသည် မြန်မာပြည်အနှံ့ လှည့်လည်ကာ အလံလှုပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

လွတ်လပ်ရေးရပြီးချိန်တွင် မြန်မာ့ရိုးရာ လက်ဝှေ့ပွဲများသည် အမျိုးသားရေးလက္ခဏာတစ်ခုအဖြစ် ပြန်လည်ဦးမော့လာခဲ့သည်။ သို့သော် စနစ်တကျ ပြိုင်ပွဲများမရှိသေး၍ မြေဝိုင်းအဆင့်သာရှိခဲ့၏။ ဆရာ ကျားဘညိမ်း၏ စွမ်းဆောင်မှုကြောင့် အဆင့်မြင့်ကြိုးဝိုင်းပြိုင်ပွဲအဆင့်သို့ ရောက်ရှိခဲ့သည်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့နှင့် အခါကြီးရက်ကြီးများတွင် အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကြီးများအဖြစ် ကျင်းပလာနိုင်ခဲ့သည်။

စာရေးသူတို့နေထိုင်ရာ ကျေးရွာတွင်လည်း နှစ်စဉ်လွတ်လပ်ရေးနေ့ရောက်တိုင်း ရွာသား လက်ဝှေ့ကျော် (ဦးငွေး) တလိုင်းမိုးမခနှင့် စစ်ကိုင်းကျောင်းသားတို့က ဒိုင်အဖြစ် ဆောင်ရွက်ပြီး ရွာစားကျော်စိန်လှမောင် ဆိုင်းဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပလေ့ရှိသည်။ အကျိုးကျေးဇူးအနေဖြင့် ရွာသားလက်ဝှေ့ကျော် ယက္ခ(ဦးမျိုးမြင့်)၊ ဒီလုံး(ဦးလုံးချိုတ်)၊ ဖြူလေး(ကိုခင်မောင်ထွန်း)၊ ဂျိုးသိမ်း(ဦးစိုးသိမ်း)၊ ဝဏ္ဏ(ဦးအောင်မြိုင်)၊ ရှမ်းကြီး(ဦးကျော်ရွှေ)နှင့် လက်ဝှေ့မယ် ဂျမ်းဂျမ်း (မလှလှဝင်း)တို့ကို မွေးထုတ်နိုင်ခဲ့သည်။ ထိုအချိန်က လက်ဝှေ့ပွဲတွင် ရွာစားကျော် စိန်လှမောင်ဆိုင်း၏ လေးခင်းတီးလုံးသံမှာ ကြည့်ရှုသူအပေါင်းကို ရင်ခုန်သံမြန်စေပြီး ကိုယ်တိုင်စင်ပေါ်တက် နွှဲချင်လောက်အောင် စိတ်ဓာတ်တက်ကြွမှုများ ဖြစ်ပေါ်စေခဲ့ရာ ထိုခေတ်က လက်ဝှေ့ပွဲကို ပြန်တွေးတိုင်း သတိရနေမိသည်။

ထိုသို့ မြန်မာလက်ဝှေ့ခေတ်ကောင်းစဉ်က နိုင်ငံကျော်လက်ဝှေ့သမားများဖြစ်ကြသည့် ပရှူးမောင်ရုံး၊ နီလာဝင်း၊ ကျားဘညိမ်း၊ သမိန်ဗရမ်(ကွမ်းခြံကုန်း)၊ သမန်းကျား၊ စစ်ကိုင်းကျောင်းသား၊ ထားဝယ်ဝင်းနိုင်၊ ကျားသစ်ရဲအောင်၊ သထုံဘမြင့်၊ ရွှေဝါထွန်း၊ ဝမ်းချိုင်း၊ လုံးချော(ညောင်တုန်း)၊ တွေ့မရှောင် စသည့် လက်ဝှေ့ကျော်များ ပေါ်ထွန်းထင်ရှားခဲ့သည်။

မြန်မာ့လက်ဝှေ့ကို ကမ္ဘာ့အားကစားစည်းကမ်းအရ ကြေးစားဟု ဆိုသော်လည်း စင်စစ်မြန်မာ့လက်ဝှေ့သမားများသည် အခကြေးငွေအတွက် ထိုးသတ်နေကြသူများမဟုတ်ဘဲ မြန်မာ့လက်ဝှေ့ပညာကို မြတ်နိုးခုံမင်စွာ ထိုးသတ်နေကြသူများသာ ဖြစ်သည်။ ထို့ကြောင့် သံစဉ်တီးလုံးများနှင့်အတူ လှုပ်ရှားတိုက်ခိုက်ရသည့် မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သော မြန်မာ့လက်ဝှေ့ပညာကို တိုးတက်မြင့်မားလာစေရန် အားပေးထိန်းသိမ်းကြပါစို့ဟု ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား - မြန်မာ့ရိုးရာလက်ဝှေ့ - မြဝင်း**
**ပွဲကျောင်းမြန်မာ့လက်ဝှေ့ကစားနည်း - ဦးစိုးမြင့်**
**လက်ဝှေ့စကားကြိမ်းဆိုင်းဆင့် - ရှေးစာကပျာများ**

ခိုင်ခန့်(အမရပူရ)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Lisa အပါအဝင် VMAs ကေပေါ့ပ်ဆုရှင်များစွာရှိ

ကေပေါ့ပ် ဂီတလောကမှ VMAs Award ဆု ရရှိထားသည့် အဆိုတော်နှင့် ကေပေါ့ပ်အဖွဲ့များတွင် ဘလက်ပင့်ခ်မှ လီဆာလည်း ပါဝင်ပြီး ၂၀၂၅ ခုနှစ်၊ ဆုရရှိမှုအတွက် အတိုင်ခံရသော အနုပညာရှင်လည်းဖြစ်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘလက်ပင့်ခ်အဖွဲ့ဝင် လီဆာသည်၂၀၂၂ခုနှစ်တွင် Lalisa၊ ၂၀၂၄ ခုနှစ်တွင် Rockstar နှင့်ကို Best Kpop Song Award ကို ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် နောက်ခံအဆိုတော် ရာလီ၊ ဒိုဂျာကက်တို့နှင့် Born Again ဖြင့် ဆုရခဲ့ရာမှ ဆုဝယ်သည်ဟု ဆိုကာ အတိုင်ခံခဲ့ရသည်။

ဘလက်ပင့်ခ်အဖွဲ့ဝင် ရို့စ်က နောက်ခံဘရူနိုမတ်စ်နှင့် Apt ကို ၂၀၂၅ ခုနှစ် VMA Song of the year ဆု ရရှိကာ ကေပေါ့ပ်အဖွဲ့ ဘလက်ပင့်ခ်၊ ဘီတီအက်စ်၊ တီအိပ်စ်တီ၊ စတေရီကစ်၊ ဆဲဗင်တင်န်းတို့ကလည်း အဖွဲ့လိုက် VMAs ဆု ရရှိထားကြသည်။

(SKY)



## Vijay Deverakonda ၏ Kingdom ဇာတ်ကားထွက်ရှိ




ဘောလိဝုဒ်အနုပညာရှင် ဗီဂျေးဒီဗာရာကန်ဒါ ပါဝင်ထားသည့် စပိုင်အက်ရှင်ဇာတ်ကားသစ် Kingdom ထွက်ရှိလာကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ၁၉၂၀ ခုနှစ် ကမ်းရိုးတန်းဒေသမှ မျိုးနွယ်စုတစ်စုနှင့် တာဝန်ရှိသူတို့ ဒေသ၏ ရွှေသိုက်ကို မျက်စိကျနေသည့် ဗြိတိသျှတို့ သွေးချောင်းစီးတိုက်ပွဲတွင် ကျရှုံးသွားခဲ့ပြီး နိမိတ်စကား ချန်ထားရစ်ခဲ့သည်။

မျက်မှောက်ခေတ်ကာတွင် လူဖြောင့်စိတ်တိုရဲ့သားလေးတစ်ဦး ၁၈ နှစ်ကြာမှ အစ်ကိုဖြစ်သူရှာရန်အလာ မတရားမှုတစ်ခုတွေ့၍ ဝင်ပါခဲ့ရာက အလုပ်ပြုတ်ရန်ဖြစ်ခဲ့ရာမှ သူလျှို(စပိုင်)အဖြစ် ကမ်းလှမ်းခံခဲ့ရမှ အစ်ကိုဖြစ်သူမှာ လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်၊ လူမျိုးနွယ်စု၏ အကြွင်းအကျန် ဖြစ်နေရာမှ အလှည့်အပြောင်းများနှင့် စပိုင်ဇာတ်လမ်းကောင်းတစ်ခုဖြစ်သည်။

ပရိသတ်အားပေးမှု IMDb 6.3 ရရှိထားသည်။

(SKY)

## EXO အဖွဲ့ လကြတ်ချိန် ဂီတအသစ်ထုတ်ပြန်




EXO အဖွဲ့သည် ကိုရီးယား၊ တရုတ်လူငယ် ၁၂ ဦးနှင့် ပွဲဦးထွက်ခဲ့ပြီး ကိုးဦးသာ ကျန်ရှိရာမှ လကြတ်ချိန်တွင် ဂီတသစ်ထွက်ရှိခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဖွဲ့ဝင်ကိုးဦးအနက် အရေအတွက် မည်မျှပါသည်ကို မသိရသေးသော်လည်း လကြတ်ချိန်ထွက်ရှိလာသည့် ဂီတကို ပရိသတ်စိတ်ဝင်စားနေကြသည်။

အိပ်ဇိုအဖွဲ့သည် နေကြတ်ချိန်၊ လကြတ်ချိန်များနှင့် အံကိုက်၍ ကေပေါ့ပ်ဂီတသစ်များကို တခုပ်တရ ထုတ်လေ့ရှိလေ့ရှိရာ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၇ ရက် လကြတ်ချိန်၌ ဂီတသစ်ကို ထုတ်၍ ပြန်လာခဲ့သည်။

(SKY)

0-0-0-0-0

## မြေထဲပင်လယ်အစိမ်းရောင် အစားအသောက်ပုံစံက လူ့ဦးနှောက်အိုမင်းမှုကို လျှော့နည်းစေနိုင်မည်ဟု ဆို

မြေထဲပင်လယ်အစိမ်းရောင် အစားအသောက်ပုံစံသည် လူ့ဦးနှောက်အိုမင်းမှုကို လျှော့နည်းစေနိုင်ကြောင်း မကြာသေးမီက ထွက်ပေါ်လာသည့် သုတေသနပြုချက်များက ဖော်ပြသည်။

အထူးသဖြင့် လက်ဖက်စိမ်းနှင့် မန်ကိုင်းရေနေအပင်တို့ကို ထည့်သွင်းထားသည့် အဆိုပါ မြေထဲပင်လယ်အစိမ်းရောင်အစားအသောက်ပုံစံသည် ဦးနှောက်အိုမင်းမှုကို နှေးကွေးစေကြောင်း လေ့လာတွေ့ရှိခဲ့သည်။

ယင်းအစားအသောက်ပုံစံသည် ဦးနှောက်စွမ်းဆောင်ရည် ကျဆင်းခြင်းနှင့်ဆက်စပ်သည့် ပရိုတင်းဓာတ်များကို လျှော့ချခြင်းဖြင့် ဦးနှောက်အိုမင်းမှုကို ကာကွယ်ပေးနိုင်မည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စု ဘင်ဂူရီယန်တက္ကသိုလ်၊ ဟားဗတ်တီအိပ်ချ်ချန်ပြည်သူ့ကျန်းမာရေးကျောင်းနှင့် လိုက်ပ်ဇစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဦးဆောင်ပြုလုပ်ခဲ့သော သုတေသနမှ အဆိုပါရလဒ်ကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ SCI



## Bon Jovi ကို နိုဘယ်လ်ဆုပေးရန် ပရိသတ် တောင်းဆိုထား



ကမ္ဘာကျော်ဂီတအနုပညာရှင် ဘွန်ဂျိုဗီသည် ဂီတအနုပညာရှစ်တစ်ဦးထက် ကမ္ဘာ့တန်ဖိုးအကြီးဆုံးအရာဖြစ်သော မေတ္တာတရားကို ဝေမျှနေသူဖြစ်၍ ပရိသတ်များက နိုဘယ်လ်ဆုပေးရန် တောင်းဆိုထားကြသည်။

ဂျိုဘွန်ဂျိုဗီက JBJ Soul Kitchen ဆိုသည့် ပရဟိတစားသောက်ဆိုင်ဖွင့်ထားပြီး ငွေမရှိသူများကို အခမဲ့စားသုံးခွင့်ပေးကာ ရရှိသောဝင်ငွေကိုလည်း မရှိဆင်းရဲသားဒုက္ခရောက်နေသူများကို ကူညီခဲ့ပြီး စီးပွားရေးအတွက် ဖွင့်လှစ်ထားခြင်း မဟုတ်ဘဲ ပရဟိတအတွက်သာ ဖွင့်လှစ်ထားခြင်း ဖြစ်သည်။

သူ၏ ပရဟိတစားသောက်ဆိုင်တွင် အခမဲ့အစားအစာ ၂၂ သိန်းကျော်ကို ပွဲလာသူများအား ကျွေးမွေးခဲ့ပြီး အိမ်ခြေရာမဲ့များ၊ အိမ်ငှားခမတတ်နိုင်သူများအတွက် အိမ်အလုံးတစ်ထောင်ကျော်ကို နေအိမ်များ ဆောက်လုပ်ပေး၍ အခြေချနိုင်အောင်လည်း ကူညီပေးခဲ့သည်။

အသက်ကြီးသူများကို လေ့ကျင့်ရေးသင်တန်း၊ စေတနာ့ဝန်ထမ်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများထောက်ပံ့ပေးကာ ကိုယ်တိုင်ချက်ပြုတ်ပြီး အစားအသောက်များ ဝေငှကူညီ၍ စကားကို နှိမ့်ချစွာ ပြောဆိုကာ မေတ္တာတရားနှင့် စိတ်ရင်းစေတနာဖြင့် လူသားချင်းစာနာမှုကို ပြုလုပ်နေ၍ ပရိသတ်များက နိုဘယ်လ်ဆုအတွက် လျှောက်လွှာတင်ရန် တောင်းဆိုထားကြသည်။

(SKY)

0-0-0-0-0-0

## ထိုင်ဝမ်မင်းသမီး Regina Lei ပါဝင်ထားသည့် Twelve မှာ ရာသီခွင်နတ်ဘုရားအကြောင်းဖြစ်



ရာသီခွင်နတ်ဘုရား ၁၂ ပါးအကြောင်း ရိုက်ကူးထားသည့် အက်ရှင်ဒရာမာကား Twelve တွင် ကိုရီးယားအနုပညာရှင်များနှင့်အတူ ထိုင်ဝမ်မင်းသမီး ရီဂျင်နာလိန်း ပါဝင်ထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လွန်ခဲ့သော အချိန်ကာလများစွာက ရာသီခွင်နတ်ဘုရား ၁၂ ပါးသည် လူသားမျိုးနွယ်များကို ကာကွယ်ရန်အတွက် မကောင်းသည့်နတ်ဆိုးများကို တိုက်ထုတ်ခဲ့ရာမှ နတ်ဆိုးများ ပြန်လည်နိုးထ၍ လူ့လောကသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

အဆိုပါနတ်ဆိုးများကို နတ်ဘုရား ၁၂ ပါးက ပြန်လည်ရင်ဆိုင်တိုက်ခိုက်ပုံကို ရိုက်ကူးတင်ဆက်ထားရာ အက်ရှင်မင်းသားကြီး မာဒေါ်ဆွတ်၊ ပတ်ဟွမ်ဆစ်၊ ဆိုအင်ဂွတ်၊ ဆောင်ဒေါင်အီ၊ မင်းသမီး လီဂျူဘင်း၊ အန်ဂျီဟေးတို့နှင့်အတူ ထိုင်ဝမ်မင်းသမီး ရီဂျင်နာလိန်းလည်း အထူးပါဝင် သရုပ်ဆောင်ထားသည်။

(SKY)

0-0-0-0-0-0

## Bon Appetit Your Majesty တွင် ဟင်းချက်နည်းစာအုပ် ရေးခဲ့သူမှာ ဂျိုဆွန်မင်းကြီးဖြစ်

လက်ရှိပရိသတ်ကြား ရေပန်းစားနေသည့် ဘုရင်ကြီးနှင့် စားဖိုမှူး Bon Appetit Your Majesty တွင် ဟင်းချက်နည်းစာအုပ်(မန်ဂွန်းရို့)ကို ရေးသားခဲ့သူမှာ ဂျိုဆွန်မင်းကြီးဖြစ်ပြီး ဇာတ်သိမ်းပိုင်းကို ပရိသတ်အထူးစိတ်ဝင်စားနေကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကား ပထမပိုင်းတွင် ပါဝင်သည့် ဟင်းချက်နည်းစာအုပ်(မန်ဂွန်းရို့)ကို မင်းကြီးရေးသားထားပြီး တစ်ချိန်ချိန်စာအုပ်ဖတ်မိခဲ့လျှင် သူ့အနားပြန်ရောက်လာပါစေဟု ရေးသားထား၍ အချိန်ခရီးသွားနှင့် စားဖိုမှူးမလေးက ဂျိုဆွန်ပြည်သို့ ရောက်ရှိသွားခဲ့ပုံအကြောင်း ဖြစ်သည်။

ယင်းဇာတ်ကားဇာတ်သိမ်းပိုင်းကို ဝတ္ထုထဲကအတိုင်း ဇာတ်သိမ်းပိုင်းကို စိုးရိမ်နေကြသော ပရိသတ်က Happy Ending ကို ကိုယ်တိုင်ရိုက်ကူးရေး သားပုံဖော်နေကြသည်။ (SKY)



# ဂျပန်နိုင်ငံ၌ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ရွေးကောက်တင်မြှောက်ပွဲ တရားဝင်စတင်

**တိုကျို စက်တင်ဘာ ၂၂**

ဂျပန်နိုင်ငံ၏ အဓိကအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ရွေးကောက်တင်မြှောက်ပွဲကို တရားဝင်စတင်လိုက်ပြီဖြစ်သည်။

ဝန်ကြီးချုပ် အီရှီဘာရှိဂဲရုနေရာတွင် ဆက်ခံနိုင်ရန် မျှော်လင့်ချက်ဖြင့် စက်တင်ဘာ ၂၂ ရက်က လွှတ်တော်အမတ် ငါးဦးသည် ၎င်းတို့၏ ပြိုင်ပွဲဝင် လျှောက်လွှာများကို တင်သွင်းခဲ့သည်။

ရာထူးမှ တရားဝင်နုတ်ထွက်ရန် ၎င်း၏ဆုံးဖြတ်ချက်ကို ကြေညာပြီးနောက် အီရှီဘာသည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ရွေးကောက်ပွဲကို အစပျိုးပေးခဲ့ခြင်းဖြစ်သည်။

အီရှီဘာသည် ရွေးကောက်ပွဲ ဆက်တိုက်ရှုံးနိမ့်မှုအတွက် တာဝန်ယူရန် တောင်းဆိုမှုမြင့်တက်လာခြင်းများနှင့် ရင်ဆိုင်ခဲ့ရသည်။

လစ်ဘရစ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်နေရာအတွက် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများမှာ စီးပွားရေးလုံခြုံရေးဝန်ကြီးဟောင်း ကိုဘာယာရှိ တာကာယူကီ၊ ပါတီအတွင်းရေးမှူးချုပ်ဟောင်း မိုတီဂီတိုရှီမစ်ဆု၊ အစိုးရအဖွဲ့အတွင်းဝန်ချုပ် ဟာယာရှီယိုရှီမာဆာ၊ စီးပွားရေးလုံခြုံရေးဝန်ကြီးဟောင်း တာကိုင်ချီဆာနဲနှင့် စိုက်ပျိုးရေးဝန်ကြီး ကိုအိဇုမိ ရှင်ဂျီရိုတို့ဖြစ်သည်။

ပြိုင်ပွဲဝင် ကိုယ်စားလှယ်လောင်းများသည် မဲအရေအတွက် ၅၉၀ အတွက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ၎င်းအနက် လစ်ဘရယ်ဒီမိုကရက်တစ်လွှတ်တော် အဖွဲ့ဝင်များက မဲအရေအတွက် ၂၉၅ မဲပေးသွားမည်ဖြစ်သည်။ ကျန်ရှိနေသည့်မဲများကို ဒေသန္တရနိုင်ငံရေးပါတီများက ပေးသွားမည်ဖြစ်သည်။

မည်သူမျှ မဲအရေအတွက် ထက်ဝက်ကျော်ခန့် မရပါက မဲအများဆုံးနှင့် ထိပ်ဆုံးရရှိထားသည့် ကိုယ်စားလှယ်လောင်းနှစ်ဦးကြား ပြိုင်ဆိုင်ရမည်ဖြစ်သည်။ အဆိုပါဖြစ်စဉ်မျိုးတွင် မဲအရေအတွက် ၃၄၂ မဲရရှိထားသည့်သူက ပါတီခေါင်းဆောင်လုပ်ရန် ကမ်းလှမ်းခံရမည်ဖြစ်သည်။ လစ်ဘရယ်ဒီမိုကရက်တစ် အမတ်များက မဲအရေအတွက် ၂၉၅ မဲဖြင့် အများဆုံး မဲပေးနိုင်သည်။ ဒေသန္တရနိုင်ငံရေးပါတီများက အခြားနောက်ထပ်မဲအရေအတွက် ၄၇ မဲပေးနိုင်သည်။

ပါတီခေါင်းဆောင်ဖြစ်လာခြင်းသည် ဝန်ကြီးချုပ် ဖြစ်လာရန် အာမ မခံနိုင်ပါ။ ဝန်ကြီးချုပ်ဖြစ်ရန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့က ဆုံးဖြတ်ချက်ချမည်ဖြစ်သည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ၎င်း၏မိတ်ဖက် ကိုမီတိုပါတီတို့သည်



ပြီးခဲ့သည့် အမျိုးသားရွေးကောက်ပွဲ နှစ်ခုစလုံးတွင် အများစုရှုံးနိမ့်ခဲ့သည်။

ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်မှုများသည် ၁၂ ရက်ကြာမည်ဖြစ်ပြီး အမတ်လောင်းများ စကားစစ်ထိုးပွဲတွင် ပါဝင်ရမည်ဖြစ်သည်။ ထို့ပြင် တိုကျို၊ နာဂိုရာနှင့် အိုဆာကာတို့တွင် ပါတီကဦးဆောင် ပြုလုပ်သည့် ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်မှုများတွင် မိန့်ခွန်းပြောရန်လည်း စီစဉ်ရမည်ဖြစ်သည်။ အောက်တိုဘာ ၄ ရက်တွင် မဲရေတွက်မှုကို စတင်မည်ဖြစ်သည်။

အကြီးဆုံးအတိုက်အခံအုပ်စု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဂျပန်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် နိုဒါယိုရှီဟီကိုက လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်မှုဆိုင်ရာ ကိုယ်စားလှယ်လောင်းများ၏ မူဝါဒများနှင့် သဘောထားမှတ်ချက်များတွင် အတိုက်အခံပါတီများ၏ သဘောထားနှင့် အမြင်များကို ထည့်သွင်းစဉ်းစားသင့်သည်ဟု ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ

## ဗြိတိန်၊ ဩစတြေးလျ၊ ကနေဒါနှင့် ပေါ်တူဂီနိုင်ငံတို့ ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုလိုက်ပြီဟု ကြေညာ

**လန်ဒန် စက်တင်ဘာ ၂၂**

ဗြိတိန်အစိုးရမူဝါဒကို သိသာစွာ ပြောင်းလဲလိုက်ခြင်းအဖြစ် ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုလိုက်ပြီဟု ဝန်ကြီးချုပ် ဆာကီယာစတာမာက ယမန်နေ့က ကြေညာခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းတွင် ကြုံတွေ့နေရသော ထိတ်လန့်စရာ အခြေအနေများကြောင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံနှစ်နိုင်ငံအဖြေရှာရေး ဖြစ်နိုင်ခြေကို ဆက်လက်ထိန်းသိမ်းထားရန် ဆောင်ရွက်နေသည်ဟု ဝန်ကြီးချုပ်က အိတ်ခ်စ် လူမှုကွန်ရက်တွင် ဗီဒီယိုဖြင့်ပြောကြားခဲ့သည်။

ဩစတြေးလျ၊ ကနေဒါနှင့် ပေါ်တူဂီနိုင်ငံတို့ကလည်း ပါလက်စတိုင်းနိုင်ငံကို တရားဝင်အသိအမှတ်ပြုကြောင်း ကြေညာခဲ့ပြီး ပြင်သစ်နိုင်ငံကလည်း အလားတူ ကြေညာဖွယ်ရှိသည်။

ယင်းဆုံးဖြတ်ချက်ကြောင့် အစ္စရေးအစိုးရ ဂါဇာတွင် ဖမ်းဆီးခံထားရသူများ၏ မိသားစုများနှင့် ကွန်ဆာဗေးတစ်ပါတီဝင်အချို့၏ ပြင်းထန်သော ဝေဖန်မှုများကို ရရှိခဲ့သည်။

ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ မာမွတ်အက်ဘတ်စ်က ဆာကီယာစတာမာ၏ ဆုံးဖြတ်ချက်ကို ကြိုဆိုလိုက်ပြီး ထိုဆုံးဖြတ်ချက်သည် "ပါလက်စတိုင်းနိုင်ငံအတွက် အစ္စရေးနိုင်ငံနှင့် လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် ကောင်းမွန်သော အိမ်နီးချင်းအဖြစ် ယှဉ်တွဲနေထိုင်နိုင်ရန် လမ်းခင်းပေးလိမ့်မည်" ဟု ၎င်း၏ပေးစာတွင် အတည်ပြုခဲ့ကြောင်း သိရသည်။

Mon



## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## အိန္ဒိယနိုင်ငံသားသန်းပေါင်းများစွာတို့၏ နေ့စဉ်စီးပွားရေးဝန်ထုပ်ဝန်ပိုးများ အစိုးရ၏အခွန်နှုန်းလျှော့ချမှုကြောင့် အနည်းငယ်သက်သာသွားမည်

**ဒေလီ စက်တင်ဘာ ၂၂**

နို့နှင့် ပေါင်မုန့်၊ အသက်နှင့် ဆေးဘက်ဆိုင်ရာအာမခံနှင့် အသက်ကယ်ဆေးဝါးများကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သဖြင့် စက်တင်ဘာ ၂၂ရက်မှစတင်ကာ အိန္ဒိယနိုင်ငံသားသန်းပေါင်းများစွာတို့၏ နေ့စဉ်စီးပွားရေးဝန်ထုပ်ဝန်ပိုးများ အနည်းငယ်သက်သာသွားမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကားအသေး၊ ရုပ်မြင်သံကြားစက်များနှင့် လေအေးပေးစက်များအပေါ် ကျခံရသော အခွန်နှုန်းသည် ၂၈ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားမည်။

ထို့ပြင် ဆံပင်လိမ်းဆီ၊ အိမ်သာသုံးဆပ်ပြာနှင့် ခေါင်းလျှော်ရည်ကဲ့သို့သော အခြားလူသုံးကုန်ပစ္စည်းများကို ၁၂ ရာခိုင်နှုန်း သို့မဟုတ် ၁၈ ရာခိုင်နှုန်းအစား အခွန် ၅ ရာခိုင်နှုန်းသာ ကောက်ခံမည်ဖြစ်သည်။

ယင်းအခွန်လျှော့ချမှုများသည် ယခုလအစောပိုင်းတွင် ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ကြေညာခဲ့သည့် အိန္ဒိယ၏ ရှုပ်ထွေးသော ကုန်စည်နှင့် ဝန်ဆောင်မှုအခွန်စနစ်ပြန်လည်ပြင်ဆင်ရေး၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းသည် အခွန်ကောက်ခံမှုဆိုင်ရာ ဥပဒေကို ရိုးရှင်းစေပြီး အိန္ဒိယ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ ထက်ဝက်ကျော်၌ ပါဝင်နေသော အိမ်သုံးစားသုံးမှု ကျဆင်းခြင်းကို လိုအပ်သောတွန်းအားပေးမှု ဖြစ်စေလိမ့်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

Mon

## ရွှန် ၉၅ သယ်ယူပို့ဆောင်ရေးလောင်စာဆီ၏ ဈေးနှုန်းကို တစ်လီတာလျှင် ရင်းဂစ် ၂ ဒသမ ၀၅ မှ ရင်းဂစ် ၁ ဒသမ ၉၉ သို့ လျှော့ချမည်

**ကွာလာလမ်ပူ စက်တင်ဘာ ၂၂**

ပြည်သူများ၏ စားဝတ်နေရေး သက်သာစေရန်ရည်ရွယ်၍ ရေရှည်စီမံကိန်းဖြစ်သည့် လောင်စာဆီထောက်ပံ့မှုကို ချိန်ညှိရန် ဆောင်ရွက်နေချိန်တွင် မလေးရှားနိုင်ငံသည် တွင်ကျယ်စွာအသုံးပြုသော ရွှန်၉၅သယ်ယူပို့ဆောင်ရေးလောင်စာဆီ၏ ဈေးနှုန်းကို လျှော့ချပေးသွားမည်ဟု ဝန်ကြီးချုပ် အန်ဝါအီဗရာဟင်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ်ရုံးတွင် ပြုလုပ်သော ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် အန်ဝါက စက်တင်ဘာလ ၃၀ ရက်နေ့မှစ၍ ထောက်ပံ့ပေးထားသော ရွှန်၉၅ ဆီဈေးနှုန်းကို တစ်လီတာလျှင် ရင်းဂစ် ၂ ဒသမ ၀၅ မှ ရင်းဂစ် ၁ ဒသမ ၉၉ သို့ လျှော့ချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို ဆီဈေးနှုန်းအသစ်ကို တရားဝင်ယာဉ်မောင်းလိုင်စင်ရှိသည့် မလေးရှားနိုင်ငံသားများအတွက်သာ ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံခြားသားများသည် တစ်လီတာလျှင် ရင်းဂစ် ၂ ဒသမ ၆၀ ပေးဆောင်ရမည်ဟု အန်ဝါက ပြောကြားခဲ့သည်။

ထို့ပြင် အစိုးရသည် ထောက်ပံ့ကြေးပေးထားသော လောင်စာဆီဝယ်ယူမှုကို တစ်ဦးအတွက် တစ်လလျှင် လီတာ ၃၀၀ အထိသာ ကန့်သတ်ထားမည်ဖြစ်ပြီး အငှားယာဉ်မောင်းများအတွက် ချွင်းချက်အနေဖြင့် ခွင့်ပြုပေးသွားမည်ဟု ဆိုသည်။

ထောက်ပံ့ကြေးပြောင်းလဲမှုများမှ ရရှိလာသော ချွေတာငွေများကို ပြည်သူ့အခြေခံအဆောက်အအုံများ မြှင့်တင်ရန်နှင့် လိုအပ်နေသူများကို အကူအညီပေးရန်အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

Mon



## အင်အားပြင်းမုန်တိုင်း ရာဂါဆာကြောင့် မိုးသည်းထန်၊ လေပြင်းတိုက်ရာနှင့်ချီသောမိသားစုများ ရှောင်တိမ်းရေးစခန်းများတွင် ခိုလှုံနေရ

**မနီလာ စက်တင်ဘာ ၂၂**

အင်အားပြင်းမုန်တိုင်း ရာဂါဆာမှ သည်းထန်သောမိုးနှင့် လေပြင်းများသည် ဖိလစ်ပိုင်မြောက်ပိုင်းနှင့် ထိုင်ဝမ်ကျွန်းတောင်ပိုင်းသို့ တိုက်ခတ်ခဲ့သဖြင့် ရာနှင့်ချီသောမိသားစုများ ဘေးလွတ်ရာ ရှောင်တိမ်းရေးစခန်းများတွင် ခိုလှုံနေရသည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံတောင်ပိုင်းနှင့် ထိစပ်နေသည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာစဉ် အားကောင်းလာသော ထိုမုန်တိုင်းသည် မွန်းတည့်ချိန်ခန့်တွင် ဖိလစ်ပိုင်၏ ဘာဘူယန်ကျွန်းစုများသို့ ဝင်ရောက်နိုင်သည်ဟု မျှော်လင့်ရသည်။

လူဦးရေနည်းပါးသော ထိုကျွန်းများသည် လူဇွန်ရေလက်ကြားတွင် ထိုင်ဝမ်ကျွန်း၏ တောင်ဘက် ၇၄၀ ကီလိုမီတာခန့်အကွာတွင် တည်ရှိသည်။

နံနက် ၈ နာရီအထိ မုန်တိုင်း၏ဗဟိုတွင် အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် ၂၁၅ ကီလိုမီတာရှိပြီး တစ်နာရီလျှင် ၂၆၅ ကီလိုမီတာအထိ လေပြင်းများတိုက်ခတ်နေပြီး ထိုကျွန်းစုနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားနေကြောင်း သိရသည်။

Mon

STOP AIDS



## စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးဆန်းဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ကိုးပင်ကျေးရွာ စက်သုံးဆီအရောင်းဆိုင်များ၌ မီးသတ်ဦးစီးဌာနက သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ ကောင်း၊ မကောင်း၊ သက်တမ်းလွန် မီးသတ်ဆေးဘူးများ ရှိ၊ မရှိ၊ မီးသတ်ရေလှောင်ကန်များ၌ ရေများအရန်သင့်စုဆောင်းထားရှိမှု ရှိ၊ မရှိ၊ စက်သုံးဆီသိုလှောင်ကန်များ၌ စက်သုံးဆီများ စနစ်တကျသိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးရောင်းချပေးနေမှုများကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများက စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည်များကို ဆက်လက်ဖြည့်တင်းဆောင်ရွက်ရန် မှာကြားခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် လယ်ဝေးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး... 



(အောက်ပုံ)

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၃၁၂ တန်နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီးကိုလည်းကောင်း၊ လိုင်စင်မဲ့ယာဉ်နှစ်စီးကိုလည်းကောင်း၊ သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

စက်တင်ဘာ ၁၉ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးကာ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက် ည ၈ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၍ သေဆုံး၊ ဒဏ်ရာရရှိသူနှစ်ဦး ရောက်ရှိနေကြောင်း သတင်းအရအမှတ်(၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဒက္ခိဏသီရိမြို့နယ်၊ ရွှေကြာပင်လမ်းမှ သဇင်လမ်းဘက်သို့ ဒက္ခိဏသီရိရပ်ကွက်နေ ဒေါ်ဘိုမ(၄၅)နှစ် မောင်းနှင်ပြီး ဦးအောင်မြတ်(၄၅)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်သည် စံပယ်လမ်းပေါ်သို့ လမ်းဖြတ်ကူးစဉ် စံပယ်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်နေ ဦးအောင်ကိုမင်း(၄၀)နှစ် မောင်းနှင်လာသည့် YGN-45/6K----TOYOTA PROBOX မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးအောင်မြတ်တွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဒေါ်ဘိုမတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဒေါ်ဘိုမအား ဇေယျာသီရိ နယ်မြေရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## တရားမဝင်သစ်များ သယ်ဆောင်နေသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူ

**ပဲခူး စက်တင်ဘာ ၂၂**

စက်တင်ဘာ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၌ သစ်များ တရားမဝင်သယ်ဆောင်နေသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရွာသစ်ရပ်ကွက်ရှိ ပဲခူးမြစ်အတွင်း ဝါးဖောင်ဖြင့် သစ်များ တရားမဝင် သယ်ဆောင်နေကြောင်း သတင်းအရ ပဲခူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကာလီဗာရေဆိပ်ရှိ ဝါးဖောင်အောက်တွင် သို့ဝှက်သယ်ဆောင်လာသော သစ်များအား ကမ်းစပ်ကုန်းပေါ်၌ ပဲခူးမြို့နယ်၊ မြို့သစ်ရပ်ကွက်နေ ထွန်းထွန်း(၄၂)နှစ်နှင့် ရွာသစ်ရပ်ကွက်နေ အာကာကျော်(၂၄)နှစ်တို့သည် သစ်များအား ချိန်းစောစက်ဖြင့် ခွဲစိတ်၍ သယ်ဆောင်နေသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ စုစုပေါင်း မျောက်ငိုသစ် ဆိုဒ်စုံ ခြောက်ချောင်း၊ ဒီဒူးသစ် ဆိုဒ်စုံ ခြောက်ချောင်း၊ သရက်နီသစ် ဆိုဒ်စုံ နှစ်ချောင်း၊ စုစုပေါင်း ၂ ဒသမ ၈၄၂ တန် တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သစ်များနှင့်ပတ်သက်၍ စစ်မေးရာ သစ်ပိုင်ရှင်မှာ ရွာသစ်ရပ်ကွက်နေ ကျော်ဝေ၏ သစ်များဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ထွန်းထွန်း၊ အာကာကျော်နှင့် ကျော်ဝေတို့အား ပဲခူးမြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကျော်ဝေအား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီတွင် ဘားအံမြို့နယ်၊ နောင်ဘောက်ကျေးရွာနေ စောကျော်စိုးလင်း(ခ)အပယ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇,၂၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စောကျော်စိုးလင်း(ခ)အပယ်(၄၃)နှစ်အား အိန္ဒုနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## တံတားဦးမြို့နယ် မိုးဝါသီးနှံစိမ်ကိန်း ဝါဂွမ်းများ ခူးဆွတ်ကောက်ယူထွက်ရှိမှု ကြည့်ရှုအားပေး

**တံတားဦး စက်တင်ဘာ ၂၂**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်သို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများ၊ တံတားဦးမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များသည် ယနေ့နံနက် ၉ နာရီက တံတားဦးမြို့နယ်၊ ချောင်းပတ်ကျေးရွာ ကုံကော်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းမှ အသင်းသား



တောင်သူ ဦးဆန်းအောင်၏ ကွင်းအမှတ်(၁၄၁၃)၊ ဦးပိုင်အမှတ် (၈၅/၂)ရှိ ၁ ဒသမ ၅ ဧကသို့ သွားရောက်ပြီး မိုးဝါသီးနှံစိမ်ကိန်း ဝါဂွမ်းများ ခူးဆွတ်ကောက်ယူထွက်ရှိမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

**(အပေါ်ပုံ)**

အဆိုပါ ဝါဂွမ်းစိုက်ခင်းမှာ ပထမအကြိမ်ကောက်ယူရာတွင် ဝါပိဿာချိန် ၁၂၈ ပိဿာ ထွက်ရှိပါကြောင်း၊ ထွက်ရှိသည့် ဝါဂွမ်းများသည် အရည်အသွေးကောင်းမွန်ပြီး ရောင်းချရာတွင် ဝါဂွမ်းတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၀ ရရှိကြောင်း သိရသည်။

တံတားဦးမြို့နယ် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဝါသီးနှံစိမ်ကိန်း၌ မိုးဝါနှင့် မိုးနှောင်းဝါ စုစုပေါင်း ဧက ၉၀၀ အား အခြေခံသမဝါယမအသင်း (၉)သင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မိုးသီးနှံဝါပွင့်များ စတင်ကောက်ယူရာတွင် ဝါဂွမ်းအရည်အသွေးကောင်းမွန်မှုရှိပြီး ဈေးကောင်းရရှိရေးကိုလည်း မျှော်လင့်လျက်ရှိကြောင်း ဝါစိုက်တောင်သူများထံမှ သိရသည်။

**ဦးရဲတင့်(ပြန်/ဆက်)**

## ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ




**သရက် စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကမ်းနားလမ်း ဇာတ်ဆိပ်အနီး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ တက်ရောက်၍ ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးအကောင်ရေ နှစ်သိန်းတို့အား ဧရာဝတီမြစ်အတွင်း တပျော်တပါး ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်းသိရသည်။

**ဇော်ထက်(သရက်)**

## တန်ဖိုးမြှင့်စားသောက်ကုန်(snack)အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ တန်ဖိုးမြှင့်စားသောက်ကုန်(snack)အမျိုးမျိုး ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်



၁၀ နာရီက ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၊ ခန်းမဆောင်၌ ကျင်းပရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအကြောင်း၊ သင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များအကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့်လည်း သင်တန်းကို အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်စေရန် အချိန်ပြည့် တက်ရောက်ကြရန် လိုအပ်ပါကြောင်းနှင့် သင်တန်းတက်ရောက်ပြီးပါက လုပ်ငန်းပြန်လည်ထူထောင်လုပ်ကိုင်ကြရန် လိုအပ်ပါကြောင်း အသေးစိတ်ပြောကြားခဲ့သည်။

အဆိုပါ တန်ဖိုးမြှင့်စားသောက်ကုန်(snack)အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် သင်တန်းနည်းပြဆရာများက (၂၂-၉-၂၀၂၅)ရက်မှ (၂၆-၉-၂၀၂၅)ရက်အထိ သင်တန်းကာလ(၅)ရက်ကြာ သင်တန်းသား ၂၀ ဦးအား စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း-ခွဲတွင် ဘင်ခရာသင်တန်းဆင်းပွဲ ကျင်းပ

**နမ့်စန် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ် အမှတ်(၅)ကျေးရွာအုပ်စုရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း-ခွဲ (လေတပ်)တွင် ဘင်ခရာသင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဦးစွာ နမ့်စန်ခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မှူးက သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဒုတိယမြို့နယ် ပညာရေးမှူး ဦးအောင်မင်းက ဘင်ခရာသင်တန်းဆင်းပွဲနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး ဘင်ခရာသင်တန်း နည်းပြ ဦးအလက်ဇန္ဒားက ဘင်ခရာသင်တန်းဖွင့်လှစ်ပို့ချခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နမ့်စန်ခရိုင် ပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်မှူး၊ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးအောင်မင်း၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း-ခွဲ(လေတပ်) ကျောင်းအုပ်ကြီး ဒေါ်သီတာဝင်းနှင့် တာဝန်ရှိသူများက အလှူရှင် ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခြင်း၊ စံပြသင်တန်းသားဆုနှင့် တီးမှုတ်ဘာသာရပ်များတွင် ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်းနှင့် ဘင်ခရာနည်းပြဆရာများကို ဂုဏ်ပြုမှတ်တမ်းနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူခဲ့သည်။

ထို့နောက် ဘင်ခရာသင်တန်းသား၊ သင်တန်းသူများက ဂီတစွမ်းရည်များကို ဘာသာရပ်အလိုက် သီဆိုတီးမှုတ်ကပြခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါဘင်ခရာသင်တန်းကို ဩဂုတ်လ ၁၈ ရက်တွင် စတင်ဖွင့်လှစ် သင်ကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅၅ ဦးတက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀

၀-၀-၀-၀-၀



## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကျူးလွန်သူများအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်ပူးပေါင်း၍ ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များပျက်ပြားစေရန် လှုံ့ဆော်ခြင်း ပြုလုပ်သူ လှိုင်ကော်မြို့ ဒေါနိုးကူးရပ်ကွက်နေ ပိုင်ပိုင်စိုး (ခ) မျိုးမင်းခန့်(ခ) ပိုင်စိုး (၁၈)နှစ်၊ ဟန်ထွန်းအောင်(ခ) ရဲမင်းကိုကို (ခ)ဟန်ကြီး (၁၈)နှစ်၊ အောင်နိုင်လင်း (၁၇)နှစ်၊ ဖြိုးပိုင်ဇေအောင် (၁၆)နှစ်နှင့် ထွန်းနေဦးလှိုင် (၁၄)နှစ်တို့အား စက်တင်ဘာ ၁၄ ရက်တွင် လှိုင်ကော်မြို့မရဲစခန်း(ပ)၂၁၈/၂၀၂၅ ဖြင့်လည်းကောင်း၊ ရွှေပြည်သာမြို့နယ်၌ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပျက်ပြားစေရန် ဆန္ဒပြ၊ လှုံ့ဆော်ခြင်းပြုလုပ်ခဲ့သူ ရွှေပြည်သာမြို့နယ် အမှတ် (၅) ရပ်ကွက်နေသူများဖြစ်ကြသည့် ရဲသူရအောင် (၃၆)နှစ်၊ ကျော်ဝဏ္ဏ (၂၅)နှစ်၊ ချစ်ဝင်း (၄၅)နှစ်နှင့် ပြေထွန်း (၃၄)နှစ်တို့အား စက်တင်ဘာ ၁၆ ရက်တွင် ရွှေပြည်သာမြို့မရဲစခန်း (ပ) ၃၄၇/၂၀၂၅ ဖြင့်လည်းကောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃ (က)ဖြင့် အသီးသီးအမှုဖွင့် ဖမ်းဆီးအရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## အောင်မြေသာစံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိတ် ခနစ်သိန်းစိုက်ထည့်

**မန္တလေး စက်တင်ဘာလ ၂၂**

မန္တလေး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပုဂံတပ်ကျေးရွာအုပ်စုအနီး ညောင်ကွဲဆိပ်ကမ်းတွင် စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီက အောင်မြေသာစံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းဆောင်ရွက်ကြသည်။

အဆိုပါ စပေါင်းငါးမျိုးစိုက်ထည့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်သန်း၊ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးတင်မောင်ဝင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ အောင်မြေသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်း၊ သရက်ကုန်း ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးထွန်းနောင်ဝင်းနှင့် ဝန်ထမ်းများ၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်စန်းစန်းဦးနှင့်ဝန်ထမ်းများ၊ အောင်မြေသာစံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးနိုင်နှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများက ငါးမြစ်ချင်း လေးသိန်းငါးသောင်း၊ ငါးခုံးမကြီး တစ်သိန်းငါးသောင်း၊ ရွှေဝါငါးကြင်း တစ်သိန်း၊ စုစုပေါင်း ငါးမျိုးစိတ် ခုနစ်သိန်းအား ဧရာဝတီမြစ်အတွင်း စိုက်ထည့်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၉၃)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှ ပုဗ္ဗသီရိမြို့နယ်၌ စပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ပုဗ္ဗသီရိ စက်တင်ဘာ ၂၂**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြု စပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၀ ရက်က ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ကျေးရွာရှိ ရန်အောင်မြင်ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦး၊ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ခွန်မျိုးမြရှိန်၊ ဦးစီး(ပထမတန်း) (ဦး၊ ရေး၊ ထောက်)ဒုတိယရဲမှူးကြီး ကျော်ကျော်အောင်နှင့် နေပြည်တော်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သုခ တို့ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၁၂၀ ဦးတို့သည် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေး ဈေးဆက်လက်တည်ငြိမ်

**မန္တလေး စက်တင်ဘာ ၂၂**

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းသည် ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။ **(အောက်ပုံ)**



ပြီးခဲ့သည့် တစ်ပတ် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ညွှန်းဈေးသည် ငွေကျပ် ၆၆၁၀ ဖြစ်သဖြင့် ဈေးနှုန်းအပြောင်းအလဲမရှိဘဲ တည်ငြိမ်လျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**(မန္တလေးနေ့စဉ်-၅)**

## မြစ်မိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မြစ်သား စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် မရှက်ကျေးရွာ၌ မြစ်မိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစ်မိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်းအရှည် ပေ ၇၀၀ ကျော် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ မရှက်ကျေးရွာတွင်းလမ်းမှာ အရှည်ပေ ၇၀၀ ကျော် လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့်ထု ခြောက်လက်မ ကွန်ကရစ်လမ်းခင်းလျက်ရှိရာ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် မြစ်မိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ အတိုးရငွေကျပ် ၁၉ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၄၇၇ သန်းတို့ကို အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမှ တာဝန်ယူပြီး ယခုနှစ် ဩဂုတ် ၂၅ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။



မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်ကာ မြစ်မိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ မ,တည်ထုတ်ချေးပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လုပ်ကိုင်ခဲ့ရာ ယခုနှစ်တွင် စီမံကိန်းရန်ပုံငွေမှ အတိုးအရင်း ငွေကျပ် ၄၃ ဒသမ ဝ၃ဝ၂ သန်း ရရှိပြီဖြစ်ကြောင်း မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(ဝဲပုံ)**

**(၄၄၅)**

ဝ-ဝ-ဝ-ဝ-ဝ

# မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ဒေသခံတောင်သူ ၅၀၀ ဦးကို ယူရီးယားမြေဩဇာနှင့် လယ်ယာသုံးစက်မောင်းဆီများ ပေးအပ်

**မုံရွာ စက်တင်ဘာ ၂၂**

မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ဒေသခံတောင်သူ ၅၀၀ ဦးကို စက်တင်ဘာ ၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင် ၂၀၂၅- ၂၀၂၆ ခုနှစ် မိုးဆီထွက်သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစု ယူရီးယားဓာတ်မြေဩဇာနှင့် လယ်ယာသုံးစက်မောင်းဆီများ ပေးအပ်ခဲ့သည်။

"နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ပက စားသုံးဆီတင်သွင်းမှုကို လျှော့ချနေသလို တစ်ဖက်မှာလည်း ပြည်တွင်းဆီထွက်သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူတွေအနေနဲ့ မြေလွတ်မြေလပ်မကျန် စိုက်ဧကပြည့်မီအောင် သီးထပ်စွမ်းအားနှစ်ဆ၊ သုံးဆအထိ ရရှိအောင်ကြိုးစားဆောင်ရွက်သွားကြဖို့နဲ့ ဆီထွက်သီးနှံတွေ စိုက်ဧကပြည့်မီစေရေးနဲ့ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် မိုးဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဌာနများအလိုက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားကြကြောင်း သိရသည်။

(၃၉၄)

*-*-*-*-*-*-*



## မိုးရာသီဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပ

**မိုင်းကိုင် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းဖလား အမျိုးသားအလွတ်တန်း မိုးရာသီဘောလုံးပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက မြို့မအားကစားဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦး၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းဖလား အမျိုးသားအလွတ်တန်း မိုးရာသီဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင် ဦးစိုင်းပန်တို့က အဖွင့်အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးမောင်က ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌထံသို့ အားကစားပစ္စည်းများ လွှဲပြောင်းပေးအပ်ကာ အ.ထ.က(မိုင်းကိုင်)မှ ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည် တေးသရုပ်ဖော်အက၊ ဘင်ခရာ၊ ပန်းဖွားအက၊ ရှမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းဖလား အမျိုးသားအလွတ်တန်း မိုးရာသီဘောလုံးပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် မိုင်းကိုင်လူငယ်(က) အသင်းနှင့် ဟမ်းငိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပြိုင်ပွဲကို အုပ်စု(၃)အုပ်စု၊ အသင်းပေါင်း ၁၂ သင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး စက်တင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ရေနံချောင်း စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဖန်ခါးစမ်း-သန်းပင်ကုန်း-အလယ်ကန်ကျေးရွာချင်းဆက်လမ်း မြေသားတာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ (မြို့ပြ) ဒေါ်သီရိဖြိုးဝေဝင့်နှင့် တာဝန်ရှိသူများက ဖန်ခါးစမ်း-သန်းပင်ကုန်း-အလယ်ကန်ကျေးရွာချင်းဆက်လမ်း မြေသားတာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံအင်ဂျင်နီယာ (မြို့ပြ)က ကျေးရွာသုံးရွာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းအား ရေရှည်တည်တံ့အောင်၊ ပျက်စီးမှုမရှိအောင် ကျေးရွာမှဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားခဲ့သည်။



အဆိုပါ အရှည်ခြောက်ဖာလုံရှိ ဖန်ခါးစမ်း-သန်းပင်ကုန်း-အလယ်ကန်ကျေးရွာချင်းဆက်လမ်းအား မြေသားတာပေါင်တင်ခြင်းနှင့် အကျယ် ၁၈ပေ၊ အမြင့်ရှစ်လက်မ မြေနီခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၅၂ ဒသမ ၅ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

နော်လူး

# မိုးမြေပဲစိုက်ဧက ၄၁၀၀ ကျော် ရိတ်သိမ်းပြီးစီး

**ကျွန်းလှ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မြေပဲစိုက်ဧက ၄၁၀၀ ကျော်ရိတ်သိမ်းပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်မိုးရာသီမှာ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ စိုက်ပျိုးကြပါတယ်။ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးကြပါတယ်။ အခုအခါ ၄၁၅၁ ဧက ရိတ်သိမ်းပြီး တစ်ဧကလျှင် ၄၁ ဒသမ ၃၂ တင်းထွက်ရှိပါတယ်။ တောင်သူတွေ ဆောင်းမြေပဲစိုက်ပျိုးဖို့ ပြင်ဆင်နေကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန် ၇၂၂၃ ဧကလျာထားပြီး ၇၂၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း မျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သင်တန်းများနှင့် ကွင်းပြပွဲများပြုလုပ်ခြင်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးရာသီ ဆီထွက်သီးနှံ ၇၃၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၇၃၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း စားသုံးဆီ ဖူလုံလာမည်ဖြစ်ကြောင်း သိရသည်။

(၄၈၀)

*-*-*-*-*-*-*

# ဥတ္တရသီရိမြို့နယ် မသိမ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ မသိမ်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လက်ရှိမြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာခြည်မွန်နှင့် တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများနှင့်အတူ မသိမ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပေးနိုင်ရေး လက်ရှိမြေပြင်အခြေအနေများ ကွင်းဆင်းတိုင်းတာကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းအရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မထုခင်းခြင်းလုပ်ငန်းနှင့် Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၈၃ ဒသမ ၅၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# မန္တလေးနဲ့ငလျင် (ဌာပနာအမွေအနှစ်များ-၁၁)

## ရက္ခိတ(ရှေး/သု)

မန္တလေးမြို့အနီးကို ဗဟိုပြုပြီး လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြီးကြောင့် ပြိုပျက်ခဲ့ရတဲ့ ဘုရားစေတီတော်များအထဲက ထွက်ပေါ်တွေ့ရှိလာတဲ့ ဌာပနာအမွေအနှစ်များအကြောင်းကို ပြည်သူအများ ဗဟုသုတရစေခြင်းငှာ ဆောင်းပါးများ ရေးခဲ့တာ အတော်များနေပါပြီ။ နောက်ထပ် လက်ရာထူးခြားတဲ့ ဆင်းတုတော် ရုပ်တုတော်များလည်း ထပ်မံတွေ့ရှိနေတာ သိစေချင်တဲ့ စေတနာကြောင့် ဆက်ပြီးရေးနေဆဲပါ။ တွေးစရာတွေ၊ ရေးစရာတွေကလည်း မကုန်နိုင်လောက်အောင် များပြားလှပါတယ်။ စာရေးသူအနေနဲ့ သာမန်လောက်ဆိုရင် စာဖတ်သူတွေအတွက် အချိန်ကုန် လူပန်းဖြစ်အောင် မရေးလိုပါ။ ထူးခြားပြီး သိသင့်တယ်လို့ ယူဆရတဲ့ အခါမှသာ ရေးခဲ့တာပါ။ ရှေ့ဆောင်းပါးအမှတ်(၉)မှာ ထိုင်းလက်ရာဟန် လွှမ်းမိုးတဲ့ ယပ်ကိုင်ငွေဆင်းတုတော်များအကြောင်း ရေးသားခဲ့ပါတယ်။ အဲ့ဒီ ယပ်ကိုင် ငွေဆင်းတုတော်များရဲ့ ပလ္လင်အောက်ခြေနဲ့ နောက်ကျောဘက်မှာ ထိုင်းစာတွေပါနေတော့ အတိအကျ ပြောရဲတာပေါ့။ ဒါတောင် မသိတာတွေ ကျန်နေသေးတယ်။ ဘာကြောင့် ယပ်ကိုင်ထားသလဲ။ ဘာကြောင့် မဏိတော်နဲ့ ဥဏှိသရောင်လျှံတော်မပါဘဲ ဦးပြည်းသက်သက်(ကတုံး) ပုံသဏ္ဌာန် ထုလုပ်ဖန်တီးရတာလဲဆိုတာတွေ လေ့လာနေဆဲမို့ ရေးသားတင်ပြရန် ကျန်နေပါသေးတယ်။

အခုလည်း ထူးခြားတဲ့ မကိုဋ်ဆောင်းဘုရားဆင်းတုတော်တစ်ဆူ တွေ့ရှိရတဲ့အတွက် သူ့အကြောင်း ဖြစ်နိုင်ခြေကို သုတေသနရှုထောင့်က ရေးသားလိုက်ရပါတယ်။ တကယ်တော့ မကိုဋ်ဆောင်း၊ မင်းဝတ်ဆောင်း ဘုရားဆင်းတုတော်တွေကို ပုဂံခေတ်နှောင်းပိုင်း အချိန်လောက်ကတည်းက ဆင်းတုတော်နယ်ပယ်မှာ စတင်တွေ့ရှိခဲ့ရပါတယ်။ ရှေးပညာရှင်များကတော့ အဲ့ဒီလို မကိုဋ်ဆောင်းဘုရား ဆင်းတုတော်မျိုးက ဇမ္ဗုပတိချွတ်ခန်းကို အကြောင်းပြု ဖန်တီးထားတာဖြစ်တဲ့အတွက် ဇမ္ဗုပတိ ဆင်းတုတော်ရယ်လို့ အမည်သမုတ်ခဲ့ကြပါတယ်။ နည်းနည်းအကျယ်ချဲ့ပြီး ပြောရရင် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဇမ္ဗုပတိမင်းဆိုတာရှိခဲ့ပြီး သူ့ရဲ့ကြွယ်ဝမှုနဲ့ ခမ်းနားမှုကြောင့် မာန်မာနအတော်ကြီးတယ်လို့ ဆိုပါတယ်။ ဘယ်လောက်တောင် ကြီးသလဲဆိုရင် ကျန်တဲ့မင်းအချင်းချင်းကိုတောင် ဘုရင်ရယ်လို့ အသိအမှတ်မပြုဘဲ မထီမဲ့မြင် ပြုတဲ့အပြင် နှိမ့်ချတာ၊ အထင်သေးတာတွေတောင် ရှိပါသတဲ့။ အဲဒီအကြောင်း ဘုရားရှင် သိတော်မူတဲ့အခါ အများသူငါ စိတ်ချမ်းသာစေပြီး သူ့ရဲ့မာန်မာနကိုလည်း ချိုးနှိမ်လို့ သတိသံဝေဂရစေခြင်းငှာ သူ့ထက်ပိုပြီး ခမ်းနားတင့်တယ်တဲ့ ပုံသဏ္ဌာန်ဖန်ဆင်းပြီး ဆုံးမခဲ့တယ်လို့ ဆိုပါတယ်။ အဲ့ဒီ ဇာတ်လမ်းအရ ဆင်းတုတော်နယ်ပယ်မှာ မကိုဋ်ဆောင်းဆင်းတု၊ မင်းဝတ်ဆောင်းဆင်းတုနဲ့ ဇမ္ဗုပတိဆင်းတုတော်တွေ ဖန်တီးထုလုပ်ကိုးကွယ်ကြတယ်လို့ ဆိုကြပါတယ်။ အဲ့ဒီလို ဆင်းတုတော် ကိုးကွယ်ပူဇော်ရင် ကြီးကျယ်ခြင်း၊ ခမ်းနားတင့်တယ်ခြင်း စတဲ့ အကျိုးရလဒ်တွေရတယ်လို့လည်း ယုံကြည်ကြလို့ အခုလို ခေတ်အဆက်ဆက်က လက်ရာတွေ တွေ့နေရတယ်လို့ သုံးသပ်နိုင်ပါတယ်။ သို့သော် ပညာရှင်အတော်များများက မြတ်ဘုရားသာသနာ





မှာ ဇမ္ဗုပတိမင်းချွတ်ခန်းဆိုတာ မရှိခဲ့ဘူးဆိုပြီး ထောက်ပြဝေဖန်ခဲ့ကြပါတယ်။ ရှေးဘိုးဘေးတွေ ဖန်တီးစီမံခဲ့တဲ့ မကိုဋ်ဆောင်း ဆင်းတုတော်တွေက လက်တွေ့ရှိနေတယ်ဆိုတော့ ဇမ္ဗုပတိချွတ်ခန်း မရှိဘူးဆိုရင် ဘာကြောင့် ထုလုပ်ခဲ့ကြသလဲလို့ ဆန်းစစ်ဖို့ လိုလာပါပြီ။ အဲ့ဒီလို မကိုဋ်ဆောင်း ဆင်းတုနဲ့ပတ်သက်ပြီး သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ အယူအဆကတော့ အဲ့ဒီ ဆင်းတုတော်ဟာ ဘုရားမဖြစ်သေးဘူး။ ဗုဒ္ဓဘုရားလောင်းဟာ သာကီဝင်မင်းမျိုးမင်းနွယ်ကလာတာဆိုတော့ မင်းအသွင်လည်းပျောက်ဆဲ၊ သဗ္ဗညုတဘုရားအသွင်လည်းရောက်ဆဲအခြေအနေကို ဖော်ပြထုလုပ်ထားတယ်လို့ ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ မြတ်ဗုဒ္ဓဟာ ဘုရားဖြစ်ခါနီး မာရ်ငါးပါးကို အောင်မြင်ပြီးမှ ဘုရားဖြစ်တယ်လို့ဆိုတဲ့အတွက် ပြင်ပမာရ်ကတော့ သိသာတယ် ဝသဝတ္တီနတ်ပြည်က မာရ်နတ်မင်းကို အောင်မြင်တယ်ပေါ့။ အဲ့ဒါပြီးတော့ အတွင်းမာရ်များကိုဆက်ပြီး အောင်မြင်တော်မူရာမှာ ကိုယ်စားပြုအနေနဲ့ အခုလို မင်းအသွင်ထုလုပ်ပုံဖော်တယ်လို့ ဆိုပါတယ်။ ဘုန်းလက်ရုံးအာဏာနဲ့ ကြွယ်ဝချမ်းသာမှုတွေကို သာမန်ဆိုရင် စွန့်ပယ်နိုင်ဖို့ အင်မတန် မလွယ်ကူပါဘူး။ ဒါကြောင့် အခုလို မကိုဋ်ဆောင်းဆင်းတုတော်ဆိုတာ စွန့်ပယ်နိုင်ဖို့ အလွန်ခဲယဉ်းတဲ့ ကိုယ်တွင်းကိုယ်ပြင် ကိလေသာကာမဂုဏ်တွေကို စွန့်ပယ်အောင်မြင်ခဲ့တာကို ဖော်ကျူးထုလုပ်ထားတာလို့ ဆိုပါတယ်။ အဲ့ဒါကြောင့် နောက်ပိုင်း မကိုဋ်ဆောင်းဆင်းတုတော်တွေမှာ ဘုရားနဲ့ ဘယ်လိုမှ မသက်ဆိုင်တဲ့ ရွှေငွေလက်ဝတ်လက်စား အချက် ကိုးချက်တောင် ပါဝင်ထုလုပ်ထားတာကို တွေ့ရပါတယ်။ အဲ့ဒီအချက်တွေကတော့ မကိုဋ်၊ နားကင်း၊ နားပန်၊ လည်ဆွဲ၊ စလွယ်၊ လက်မောင်းကြပ်၊ လက်ကောက်၊ လက်စွပ်နဲ့ ခြေစွပ်တို့ ဖြစ်ကြပါတယ်။ စဉ်းစားပုံဖော်ကြည့်ရုံနဲ့တင် ဘယ်လောက်တောင် ခမ်းနားတင့်တယ်သလဲဆိုတာ ပေါ်လွင်နေပါတယ်။ ဒီတစ်ခါလည်း မြတ်ဘုရားဟာ ရွှေငွေစည်းစိမ်အာဏာကိုတောင် စွန့်ခဲ့တာကို အခုလို အင်္ဂါရပ် ကိုးချက်တောင်ပါတဲ့ မကိုဋ်ဆောင်းဆင်းတုတော်ရဲ့ အယူအဆနဲ့ သွေဖည်မနေဘူးလားလို့ ပညာရှင်အချို့က ထောက်ပြကြပါတယ်။ နောက်ဆုံးမှာတော့ သုံးလောကထွတ်ထား မြတ်ဘုရားဟာ သူ့ကိုလာရောက်ဖူးမြော်တဲ့ ပရိတ်သတ်လေးပါးတို့ကို ဘုရားအသွင်အသရေတော်တွေနဲ့ ပြည့်စုံနေတဲ့ဟန် ဖူးလိုသူတွေအတွက် ပကတိရုပ်သွင်ဖြင့်လည်းကောင်း၊ သကျသာကီဝင် မင်းသားဘဝက ဖြစ်လာတဲ့ဘုရားဆိုတော့ ခမ်းနားတဲ့ မင်းအသွင်ဖြင့်လည်းကောင်း ပရိသတ်သဘောအတိုင်း သူတို့ရဲ့ အာရုံထဲမှာ ဖူးမြင်စေဖို့ အခုလို ထုလုပ်ထားတာလို့ ဆိုကြပါတယ်။ ဒီအဖြေက လက်ခံနိုင်ဖွယ်ရှိတယ်လို့ ပညာရှင်အများက ဆိုကြပါတယ်။ ဆရာကြီး ဒေါက်တာသန်းထွန်းကတော့ အုပ်ချုပ်သူ မင်းဧကရာဇ်ဟာ ပြည်သူတွေရဲ့ စိတ်ထဲမှာ ပိုပြီးတော့ လေးစားအားထားမှုရလိုတဲ့အတွက် ဘုရားဆင်းတုတော်ကို မင်းအသွင် စီမံထုလုပ်ခဲ့တယ်လို့ သုံးသပ်ပြထားပါတယ်။

မည်သို့ပင် အဓိပ္ပာယ်ဆောင်စေကာမူ ပုဂံခေတ်ကစလို့ ယနေ့တိုင် မကိုဋ်ဆောင်းဆင်းတုတော်တွေ ထုလုပ်နေကြဆဲ၊ ကိုးကွယ်နေကြဆဲပါ။ ဘာကွာခြားသလဲဆိုတော့ ခေတ်ကိုကိုယ်စားပြုတဲ့ အဆင်တန်ဆာတွေ မသိမသာ ပြောင်းလဲလာပါတယ်။ အဲဒီပြောင်းလဲမှု အချက်လေးတွေကို လေ့လာရတာက ဆင်းတုတော် ပဋိမာသိပ္ပံပညာပါပဲ။ ပုဂံခေတ်က ဆင်းတုတော်မှာ ဆောင်းပေးထားတဲ့ မကိုဋ်ဟာ တကယ့်ကို ပုဂံခေတ် အမွှမ်းပန်းလက်ရာများနဲ့ ဖန်တီးထားတဲ့ ခွေးတောက်ကုန်းလို့ခေါ်တဲ့ အခွေထက်မှာ တမာရွက်ထောင် သို့မဟုတ် သကြည့်ထောင်လေးများ ပါဝင်ပြီး အလယ်မှာတော့ ဆံတော်ခေါက်နဲ့ အထွတ်တင်ထားတဲ့ မကိုဋ်ပါရှိပါတယ်။ မကိုဋ်တော်နဲ့ တွဲဆက်လို့ ပါနေတာက နားကင်းတော်ပါ။ အဲ့ဒီအစိတ်အပိုင်း နှစ်ခုလုံးဟာ သူ့ခေတ်ဟန်နဲ့သူ ထုလုပ်ထားပါတယ်။ အခုတင်ပြမယ့် မကိုဋ်ဆောင်းဆင်းတုတော်က တွေ့မြင်နေကျ ပုံသဏ္ဌာန်မျိုးမဟုတ်ဘဲ တစ်မျိုးတစ်ဖုံ ထူးခြားနေလို့ ဗဟုသုတအဖြစ် တင်ပြလိုက်ခြင်း ဖြစ်ပါတယ်။ အဲ့ဒီ ဆင်းတုတော်ကို ရွှေကြက်ယက် ဘုရားကုန်းတော်ပေါ်က ငါးမြို့ဝန်စေတီထဲကနေ တွေ့ရတာပါ။ ပထမဆုံးပြောချင်တာက ဆင်းတုတော်ရဲ့ မကိုဋ်တော်ပါ။ မြန်မာဟန်ခေတ်အဆက်ဆက်ရဲ့ မကိုဋ်တော်များဟာ အထက်မှာ ပြောခဲ့သလိုပဲ ခွေးတောက်ကုန်းနဲ့ တမာရွက်ထောင်၊ သကြည့်ထောင်များ ပါဝင်လေ့ရှိသော်လည်း အခုတွေ့တဲ့ ဆင်းတုတော်ကတော့ အဲ့ဒါတွေ လုံးဝမပါဘဲ ငါးထောင့်ချိုးပဒ္မဂံပုံ ဖြစ်နေတာကို ထူးခြားစွာ တွေ့ရပါတယ်။ မျက်စိထဲမြင်လွယ်အောင်ပြောရရင် မြန်မာ့ရုပ်မြင်သံကြားခေတ်က အတော်နာမည်ကြီးခဲ့တဲ့ "မျောက်မင်းစွန်ဂူခုန်း" ဦးဆောင်ပါဝင်သရုပ်ဆောင်ထားတဲ့ အနောက်သို့ ခရီးသွားခြင်း ( Journey to the West ) ဇာတ်လမ်းတွဲထဲက တရုတ်ဘုန်းတော်ကြီး "ရှီဖော်"ကို မှတ်မိကြမယ်ဆိုရင် သူဆောင်းထားတဲ့ ခေါင်းဆောင်းမကိုဋ် အဆင်တန်ဆာပုံနဲ့ တစ်ထေရာတည်းပါပဲ။ မြန်မာမကိုဋ်ဆောင်းဆင်းတုတော်တွေမှာ တမာရွက်ထောင် ၇-၉ ခု ပါဝင်လေ့ရှိပြီး အပေါ်တည့်တည့်ပဲ ထောင်ထားပေမယ့် အခုတွေ့ရတဲ့ ဆင်းတုတော်မှာတော့ တမာရွက်ထောင်များနေရာမှာ ပွင့်ဖတ်သုံးခုနဲ့ ဖန်တီးထားတဲ့ အပေါ်ပိုင်း အပြင်ကားနေတဲ့ အပြားလိုက်ပုံမျိုး ဖြစ်နေပါတယ်။ အဲ့ဒီလို မကိုဋ်မျိုး မြန်မာတွေ ဖန်တီးလေ့မရှိပါ။ အခုတွေ့ရတာ ပထမဆုံးလို့ ပြောရတာ အဲ့ဒီမကိုဋ်တော်ကြောင့်ပါ။ နောက်ပြီး နားကင်းတော်ပုံစံကလည်း ရိုးစင်းပြီး အဆင်တန်ဆာနည်းလွန်းနေပါတယ်။ ဇာတ်လမ်းတွဲထဲက တရုတ်မကိုဋ်မှာတော့ မြန်မာမကိုဋ်လိုမျိုး တွဲဆက်ထားတဲ့ နားကင်းတော် မပါပါဘူး။ သူ့အစား တန်းလန်းကျနေတဲ့ အဝတ်စလေးပဲ ပါဝင်ပါတယ်။ ဒါပေမဲ့ အဲဒီအဝတ်စလေးကို အဖျားကနေ ကိုင်ပြီးတော့ အပေါ်ကို ကွေးတင်လိုက်ရင်တော့ မြန်မာ့နားကင်းတော်လို ပုံသဏ္ဌာန် ပေါ်လာပြန်ပါတယ်။ တခြားအဆင်တန်ဆာတွေကလည်း မြန်မာပြည်မှာ တွေ့ရလို့ မြန်မာဟန် သိပ်ပြီးမဆန်နေတာ ထူးဆန်းပါတယ်။ နောက်ထပ် ထူးခြားတာက ဆင်းတုတော် စံပယ်နေတဲ့ ပလ္လင်တော်ရဲ့ ပုံသဏ္ဌာန်ပါ။ တွေ့မြင်နေကျ ပလ္လင်တော်များလို ခလုတ်လေးတွေပါတဲ့ ခိုနန်းချိုးခံ ပလ္လင်တော်မျိုးမဟုတ်ဘဲ ထောင့်ခြောက်ထောင့်ပါ ဆဋ္ဌဂံပလ္လင် ဖြစ်နေပါတယ်။ ဒီတော့ မကိုဋ်တော် ငါးထောင့်ပါနေတဲ့အတွက် "တြိသူလ" မဟုတ်ဘဲ "ပဥ္စသူလ" အယူအဆလို့ ဆိုရမလို ဖြစ်နေပါတယ်။ နောက်ပြီး အခြားမကိုဋ်ဆောင်း ဆင်းတုတော်တွေလို ဒက်ဘာယက်ပါတဲ့ လည်ရွဲပါရှိပေမယ့် စလွယ်မပါဘဲ ခါးစည်းကို ခါးပါတ်ဆန်ဆန် ဖန်တီးထားပါတယ်။ ထို့နည်းတူ လက်မောင်းကြပ်နဲ့ လက်ကောက်ဝတ်က လက်ကြပ်တွေကလည်း တွေ့မြင်နေကျ ပုံတွေနဲ့ မတူဘဲ ကွဲပြားခြားနားလို့ နေပြန်ပါတယ်။ ပြောရရင် ခွေးတောက်ကုန်း၊ လက်မောင်းကြပ်၊ လက်ကြပ်နဲ့ ခါးစည်းတွေဟာ ပုလဲလုံးတန်းများနဲ့ ပုံဖော်ထားလို့ မြန်မာမဆန်ဘဲ တရုတ်ဟန်နွယ်နေပါတယ်။ နောက်ပြီး ညာလက်တော် ဘူမိဖဿမုဒြာရဲ့ အောက်မှာ ကျား၊ ခြသေ့်ရုပ်လေးကို လက်ခုအနေနဲ့ ဖန်တီးထားတာကို တွေ့ရပါတယ်။ အဲ့ဒီလို လက်ခုမျိုးကို ရှမ်းပြည်နယ် အင်းလေးကန်အနီးက ရွှေအင်းတိန် ဘုရားစုမှာ အတော်များများ တွေ့ရလေ့ရှိပါတယ်။ ဒါကြောင့် အခုတွေ့ရတဲ့ မကိုဋ်ဆောင်းဆင်းတုတော်ကို အဲ့ဒီဘုရားဆင်းတုတော်တွေလိုပဲ ကုန်းဘောင်ခေတ်ဦး လက်ရာဟန်လို့ ခန့်မှန်းရပါတယ်။ ကုန်းဘောင်ခေတ်ဦးမှာ တရုတ်ပြည်က နန်းကျဘုရင် ရုံလှီနဲ့ အဖွဲ့ မြန်မာဘုရင်ထံ ခိုလှုံခဲ့တဲ့ အထောက်အထားကလည်း ရှိနေပြန်ပါတယ်။ ခြုံပြီးပြောရရင် အခုတွေ့ရတဲ့ ကြေးသွန်းမကိုဋ်ဆောင်းဆင်းတုတော်ရဲ့ ပုံသဏ္ဌာန်နဲ့ ဟန်ပန်များဟာ မြန်မာ့ဟန်ထက် တရုတ်ဟန်ကို ပိုပြီးနွယ်နေပါတယ်။ ညောင်ရမ်းခေတ် ဆင်းတုတော်တွေဟာ ရှမ်း-တရုတ်ဟန်ဆန်နေတယ်လို့ ပြောကြပေမယ့် အခုမကိုဋ်ဆောင်းဆင်းတုတော်က ရှမ်း-တရုတ်ဟန်မဟုတ်ဘဲ တရုတ်ဟန်သီးသန့် ပိုပြီးဆန်နေတယ်လို့ သုံးသပ်မိပါကြောင်း။

**ကျမ်းကိုး-**

**- နယ်လှည့်ရာဇဝင်-ဒေါက်တာသန်းထွန်း**

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲ ကျင်းပ

**မူဆယ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်၊ မူဆယ်မြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။




ရှေးဦးစွာ မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကေသွယ်ဟန်က ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး ပွဲတော်ဖြစ်မြောက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ချီးမြှင့်သည့် ငွေကျပ် သိန်း ၃၀နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ချီးမြှင့်သည့်ငွေကျပ် ၁၉ သိန်းတို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် စာပေဟောပြောပွဲနှင့် လူငယ်စကားဝိုင်းတို့တွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော စာရေးဆရာများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပြိုင်ပွဲအသီးသီးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု ရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ခဲ့ပြီး အ.ထ.က(၂)မှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*

# စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းပြုလုပ်

**တပ်ကုန်း စက်တင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင်များ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စာဖတ်ဝါသနာပါသူများနှင့်အတူ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန် စာဖတ်ဝိုင်းကျင်းပလျက်ရှိရာ စာရေးဆရာကပွတိန်သာစိန် ရေးသားထားသည့်"ဘဝခရီးသွားလူငယ်များသို့" စာအုပ်ကို စက်တင်ဘာ ၂၀ရက် မွန်းလွဲ ၂နာရီက အဆိုပါ ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ကျင်းပသည်။



စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းဝင်းမြင့် (မြကျောက်အေးချမ်း)၊ ဒေါ်သင်းသင်းလှိုင်(သင်းသင်းလှိုင် - တပ်ကုန်း)တို့က စာပေဝါသနာပါသူများနှင့်အတူ "ဘဝခရီးသွားလူငယ်များသို့" စာအုပ်တွင်ပါရှိသော လူငယ်သို့အမြင်နှင့်ဘဝမျှော်မှန်းချက်လမ်းကြောင်းရေးဆွဲနိုင်ပါစေ၊ ဘဝခရီးနှင်ရာတွင် သဘောမောင်းဥပမာ၊ ကိုယ့်ကမ္ဘာ၊ သူ့ကမ္ဘာနှင့်ပတ်ဝန်းကျင်၊ ပညာရှိပညာမဲ့ခွဲခြားပါ၊ မိတ်ကောင်းရှာပါ၊ မူးယစ်ဆေးဝါးအန္တရာယ်များ ရှောင်ရှားနိုင်ပါစေ၊ တစ်ဖက်သားကိုအပြစ်တင်ခြင်းမပြုပါနှင့် စသည့်ခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တပ်ကုန်းမြို့နယ်ရုံးအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတများရရှိစေရန်အတွက် Online မှ တစ်ဆင့် အသိပညာပေး အစီအစဉ်များနှင့် စာဖတ်ဝိုင်းများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



မျက်စိလျှကြ မျက်ကြည်ရ၊ မြတ်သည့်လျှာဒါန။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့လေး (ဇာနည်)

## ကိုယ်ချင်းစာ မေတ္တာပွား

* လူတိုင်းအပေါ် အမုန်းကင်း
နှလုံးသွင်း ဖြောင့်မတ်လေ
ဒုက္ခရောက်သူ ဖေးကူမ
လမ်းပြစဉ်ပေ။

* ရိုးသားမနေး လူ့ရုပ်ထံ
အကောက်ဉာဏ် ပယ်ဖျက်ရှင်း
အတ္တမာန် မထောင်လွှားနဲ့
ရှောင်ရှားစေမင်း။

* ကိုယ်ချင်းစာ မေတ္တာပွား
အပြစ်အနာများ အဝေးဖယ်
လူနဲ့လူ လူသားချင်းကို
ရိုင်းပင်းကူကြွယ်။

* သစ္စာကတိ စောင့်ထိန်းမသွေ
အေးငြိမ်းစေ ဘဝလမ်း
ရတနာ လူသားအဖြစ်ကို
ထုဆစ်လျှောက်လှမ်း ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

# ကိုးပင် မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်ကျေးရွာ လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြို ကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသော ကိုးပင်မူလတန်းကြိုကျောင်းမှ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများနှင့် မိဘပြည်သူများအား မူလတန်းကြိုကျောင်း အကြီးတန်းနှင့် အငယ်တန်းတို့မှ သားငယ်၊ သမီးငယ်များက လူရိုင်းလေးတို့ယဉ်ကျေးဖို့ ရုပ်ပြပုံပြင်ဖြင့် လည်းကောင်း၊ Five Magic Song ဖြင့်လည်းကောင်း၊ သန့်ရှင်းသောလက် ပုံပြင်ဖြင့် လည်းကောင်း၊ ထဆင်တူးကဗျာဖြင့်လည်းကောင်း၊ ဖိုးရွှေလကဗျာဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**(ယာပုံ)**

ထို့နောက် ကိုးပင်မူလတန်းကြိုကျောင်းမှ သားငယ်၊ သမီးငယ်လေးများအား လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်သိမ့်သိမ့်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၃၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၃၃) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်၅ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူလာကြသည့် သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်း ကိုးစုံ၊ နဝကမ္မဝတ္ထုငွေကျပ် ၉၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်း အသင်းတည်ထောင်သူ ဦးနေမင်းဦး+ ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ဦးညီညီစံ(ဖိုက်ဘာဂလပ်စ် မိသားစု)တို့က သင်္ကန်းတစ်စုံနှင့် နဝကမ္မဝတ္ထုငွေများနှင့် အမွေးဆပ်ပြာခဲ ၃၀၀၊ ဝက်သားဟင်းအလှူရှင် ကိုမျိုးဝင်း+မအိအိချော (ကောင်းထက်မဟာမိသားစု၊ ကာဗာတိုင်းပြည်မိသားစုများ)၊ ဦးအောင်သန်းလှိုင်+ ဒေါ်နန်းနီနီဝင်းမိသားစု၊ ဦးသာအေးနှင့် ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်းမိသားစု၊ မောင်ဆွေနိုင်ကိုမိသားစု၊ ဦးချိန့်စီ+ ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ (သား) မောင်ကျော်သက်ဦးနှင့် မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်လွယ်လုတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ရပ်ကွက်သူ၊ရပ်ကွက်သားများနှင့် ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြသည်။ (ဝဲပုံ)



အဆိုပါ ဘုံဆွမ်းလောင်းအသင်းသည် လစဉ် မြန်မာလဆန်း ၁ ရက်နေ့တွင် သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင်လည်းကောင်း၊ လစဉ် လပြည့်နေ့များတွင် ၃၅လမ်းနှင့်၆၉လမ်းထောင့်တွင်လည်းကောင်း ဘုံဆွမ်းလောင်းလှူလျက်ရှိရာ မည်သူမဆိုပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဝ၄ဝ)



# (၄၅)ကြိမ်မြောက် ၁၀ ရက်တရားစခန်းပွဲ ပြုလုပ်မည်

**စဉ့်ကိုင် စင်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာရှိ အရိယဝံသမိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာကြီး၌ (၄၅)ကြိမ်မြောက် ၁၀ ရက်တရားစခန်းပွဲကို ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ၁၀ ရက်တရားစခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း အရိယဝံသမိုးကုတ်ဝိပဿနာမဂ္ဂင်ရိပ်သာကြီး၏ ဦးစီးပဓာနနာယကကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တမာနိတက သစ္စာတရား၊ ဝိပဿနာတရား၊ ခန္ဓာဉာဏ်ရောက်အလုပ်စဉ်၊ အလုပ်ပေးတရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ရာ တရားစခန်း ဝင်ရောက်လိုကြသော သံဃာတော်များ၊ သီလရှင်များအနေဖြင့် သာသနာဝင်ကတ်ပြား၊ ယောဂီဝင်များအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် မိမိအသုံးပြုရန်လိုအပ်သော ဖျာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ဆေးဝါးအသုံးအဆောင်ပစ္စည်းများ ယူဆောင်လာကြပါရန်နှင့် တစ်နာရီထိုင်တရား ခြောက်ကြိမ် ဟောတရားနှစ်ကြိမ်၊ စင်္ကြံလျှောက် ၄၅ မိနစ်တစ်ကြိမ်၊ သီလပေးအလုပ်ထိုင်ချိန်တစ်ကြိမ် စုစုပေါင်း ကိုးကြိမ် တရားအားထုတ်ရမည်ဖြစ်ပြီး တရားစခန်းယောဂီများအနေဖြင့် ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက် ညနေ ၄ နာရီထက်နောက်မကျစေဘဲ လာရောက်ကြရန် တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအလုပ်အမှုဆောင်အဖွဲ့က တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅၃)

# နယ်လုံးဆိုင်ရာ (၅၅)နှစ်မြောက် မဟာဘုံကထိန်ပွဲတော်ကြီးအား မြို့စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်၊ မြို့နယ်လုံးဆိုင်ရာ (၅၅)နှစ်မြောက် မဟာဘုံကထိန်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက် ညနေ ၄ နာရီက မြို့နယ်အောင်ဆန်းခန်းမတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဖွဲ့ဝင် ဗိုလ်မှူးဝင်းထွဋ်အောင်က ပွဲတော်ကျင်းပမည့် အစီအစဉ်များ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသည့် မဟာဘုံကထိန်ကျင်းပရေးဆပ်ကော်မတီ အသီးသီးက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခဲ့သည်။

တပ်ကုန်းမြို့နယ် မြို့နယ်လုံးဆိုင်ရာ (၅၅)နှစ်မြောက် မဟာဘုံကထိန်ပွဲတော်တွင် လှူဖွယ်ပစ္စည်းပဒေသာပင်ကို ငါးရက်၊ ငါးညတိုင်တိုင် ပြသထားရှိပြီး လူသုံးကုန်ပစ္စည်း၊ တောင်သူသုံးပစ္စည်း၊ မီးဖိုချောင်သုံး ပစ္စည်းဈေးဆိုင်ခန်းများ၊ အပျော်တမ်းစီးချား၊ ရဟတ်များ၊ ဇာတ်သဘင်ပွဲများ၊ ဖျော်ဖြေရေးစတိတ်ရှိုးလှည့်ကားယာဉ်များနှင့် လှည်းယဉ်ကြော်ပြပွဲများ၊ အလှမီးပုံးပျံလွှတ်တင်ခြင်းများ ပါဝင်ကာ စည်းကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# လျောင်သင့်အိမ်ထောင်စုများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း ငွေများထောက်ပံ့

**စစ်ကိုင်း စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက စက်တင်ဘာ ၁၇ ရက်တွင် ပြင်းထန်မြေငလျင်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် စစ်ကိုင်းမြို့ နန္ဒဝန်၊ မိုးဇာ၊ ပန်းပဲတန်းရပ်ကွက်တို့တွင် ငွေများထောက်ပံ့ပေးအပ်ခဲ့ရာ အသင်းအလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်က အိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး၍ ငွေများထောက်ပံ့ခဲ့သည်။

အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ်လေးသိန်းနှုန်းဖြင့် အဆိုပါ ရပ်ကွက်များမှ အိမ်ထောင်စုပေါင်း ၅၈၂စုအတွက် စုစုပေါင်းငွေကျပ် ၂၃၂,၈၀၀,၀၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ အိမ်ထောင်စုများ ရွေးချယ်ခြင်းကို ပြီးခဲ့သည့် မေလမှစ၍ ကြက်ခြေနီဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များက အသင်း၏ စံသတ်မှတ်ချက်များနှင့်အညီ အိမ်တိုင်ရာရောက် ကွင်းဆင်းလေ့လာဆန်းစစ်ခြင်းများ စနစ်တကျပြုလုပ်ခဲ့ခြင်းဖြစ် သည်။

ရွေးချယ်ခံရသူများကို ပွင့်လင်းမြင်သာစွာ ဖော်ပြထားရှိပြီး (Community Engagement and Accountability )လုပ်ငန်းစဉ်အတိုင်း အဆင့်ဆင့်ရွေးချယ်ဆောင်ရွက်ခဲ့ကြောင်း ငွေသားထောက်ပံ့ရာသို့ အသင်းအလုပ်အမှုဆောင်နှင့်အတူ အသင်းလက်ထောက်အထွေထွေအတွင်းရေးမှူး ဒေါ်အေးအေးငြိမ်းနှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၃၉၄)

# (၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်

**စစ်ကိုင်း စက်တင်ဘာ ၂၂**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး သိန်းဝင်း၊ စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ညွန့်၊ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး တာဇံ၊ ခရိုင်အကူလုံခြုံရေး ဒုတပ်ခွဲမှူး ဒုရဲမှူး ဆန်းလွင်၊ စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဇော်ထွေး၊ အမှတ်(၁၀၆)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်စိုးလွင်နှင့် တပ်ဖွဲ့ဝင်အင်အား ၅၀ ဦး၊ စစ်ကိုင်းခရိုင် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဒုဥက္ကဋ္ဌ ဒေါ်ဇင်မာဦးနှင့် မိသားစုဝင် ၂၀ ဦး၊ စုစုပေါင်း အင်အား ၇၀ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ကျော်မှ သွေးလှူဒါန်းခြင်းဖြင့် အသက်ကယ်ခြင်းနှင့် ကျန်းမာရေးအကျိုးကျေးဇူးရရှိခြင်းအကြောင်း၊ ယာယီရဲမှူးကြီး သိန်းဝင်းက စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ညွန့်က သွေးလှူဒါန်းခြင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်းတို့ကို အသီးသီးပြောကြားခဲ့သည်။



အဆိုပါ သွေးလှူဒါန်းပွဲတွင် ရဲတပ်ဖွဲ့ဝင် ၂၅ ဦး၊ စာရေးဝန်ထမ်းတစ်ဦး၊ မိသားစုဝင်တစ်ဦး၊ စုစုပေါင်း ၂၇ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

နေလင်းအောင်(ပြန်/ဆက်)

၀-၀-၀-၀-၀

# နယ်တိုင်းရင်းဆေးကုသဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့ မြို့ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ စင်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့၌ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဆင်ပေါင်ဝဲမြို့နယ်တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ကွင်းဆင်းဆေးကုသခြင်းကို ယမန်နေ့နံနက် ၉ နာရီက ဆင်ပေါင်ဝဲမြို့၊သာယာမိုးရပ်ကွက်ဓမ္မာရုံအတွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆေးကုသခြင်းလုပ်ငန်းများကို မြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးငြိမ်းချမ်းစိုးနှင့် ဝန်ထမ်းက အဆိုပါ ရပ်ကွက်ရှိ ပြည်သူများအား ရောဂါလက္ခဏာများ ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာရောဂါများအလိုက် တိုင်းရင်းဆေးသောက်ဆေးများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ) ခန့်ဝင်း(ဆင်ပေါင်ဝဲ)



# လျှပ်စစ်ဝါယာရှော့ခ်ကြောင့် မီးလောင်ခြင်းအန္တရာယ်

**မောင်မောင်စွယ်စုံထွန်း**

အိမ်၊ ဟိုတယ်၊ ဈေး စသည့်နေရာများတွင် လျှပ်စစ်နှင့် ပတ်သက်ပြီး မီးလောင်ခြင်းကို သတင်းစာ၊ Media တွေမှာ ဝိုင်ယာရှော့ခ်(Wire Shock)ကြောင့် မီးလောင်ကျွမ်းခြင်းဟု ရေးသားလေ့ရှိကြပါသည်။ တကယ်တော့ လျှပ်စစ်ပညာမှာ ရှော့ခ်(Shock) ဆိုတာက ဓာတ်လိုက်တာကို ဆိုလိုတာဖြစ်ပြီး မီးလောင်တာနှင့်ပတ်သက်လျှင်တော့ ရှော့ခ်(Short)ကသာ အမှန်ဖြစ်ပါသည်။ လျှပ်စစ်အင်ဂျင်နီယာများ အသုံးပြုသည့် စကားလုံးအမှန်သည်လည်း ရှော့ဆားကစ်(Short Circuit) သာဖြစ်ပါသည်။ ဆားကစ်(Circuit) ဆိုတာ မြန်မာလို "ပတ်လမ်း"ဟု အဓိပ္ပာယ်ရပါသည်။ အပြေးပြိုင်ပွဲ၌ တာရှည်ပြိုင်ပွဲ၏ အကွာအဝေးကို တစ်ပတ်၊ နှစ်ပတ် ရေတွက်သလိုမျိုး လျှပ်စစ်ပတ်လမ်းဆိုသည်မှာလည်း လျှပ်စီး(Electric Current) စီးဆင်းသည့် လမ်းကြောင်းကို ခေါ်ခြင်းသာဖြစ်ပါသည်။

လျှပ်စီးသည် ပတ်လမ်းပိတ် (Closed Circuit) ဖြစ်နေမှသာ စီးဆင်းနိုင်ပြီး ပတ်လမ်းပွင့် (Open Circuit)ဖြစ်နေလျှင် လျှပ်စစ်စီးနိုင်မှာ မဟုတ်ပါ။ "ရှော့(Short)"ဆိုသည်မှာ အဓိပ္ပာယ်အရ "တိုသွားခြင်း"ဟုဆိုလိုပါသည်။ ထို့ကြောင့် လျှပ်စစ်စီးသည့် လမ်းကြောင်းတိုသွားခြင်းသာဖြစ်ပါသည်။ ဥပမာ-အိမ်တွင် အသုံးပြုနေသည့် နန်းကြိုးနှစ်ချောင်းသည် ဟောင်းနွမ်းပြီး အကာအကွယ်ပျက်စီးနေသည့်အခါ အချင်းချင်း ပူးကပ်ထိတွေ့သွားလျှင် အဆိုပါဖြစ်စဉ်ကို "ပတ်လမ်းတို" (Short Circuit)ဟု ခေါ်ပါသည်။ နန်းကြိုးနှစ်ချောင်း ပူးကပ်ထိတွေ့လိုက်သည့်အခါ လျှပ်စစ်ပတ်လမ်းက မီးသီး၊ မီးချောင်းဆီကို အရှည်ကြီး မသွားတော့ဘဲ အဆိုပါအပြစ်ဖြစ်သည့် နေရာတွင် လမ်းကြောင်းတိုသွားခြင်းဖြစ်သည်။

ထိုသို့ဖြစ်သည့်အခါ ပတ်လမ်း၏ခုခံမှု(Resistance) တန်ဖိုးသည် သုညနီးပါးအထိ ကျဆင်းသွားပါသည်။ Ohm's Law (အုမ်းနိယာမ)အရ ဗို့အားကို ခုခံမှုနှင့်စားပြီး တွက်ချက်လိုက်သည့်အခါ ခုခံမှုက သုညနီးပါးဖြစ်နေသည့်အတွက် လျှပ်စီးပမာဏက အလွန်အမင်း မြင့်တက်လာပါသည်။ ပတ်လမ်းထဲတွင် ကြီးမားသည့် လျှပ်စစ်စီး စီးဆင်းလာသည့်အခါ နန်းကြိုးများသည် အပူလွန်ကဲလာပြီး မီးစွဲလောင်ခြင်းမျိုး ဖြစ်လာနိုင်ပါသည်။ ထိုသို့ မဖြစ်ရအောင် ပတ်လမ်းဖြတ်ခလုတ် (Circuit Breaker) များဖြင့် ကာကွယ်ရပါသည်။ ဘရေကာတပ်ဆင်သည့်အခါ မိမိအသုံးပြုသည့် ဝန်အား load နှင့်အင်ပီယာကို တွက်ချက်ပြီးမှ တပ်ဆင်ရပါသည်။



ဥပမာ ၃၀ အင်ပီယာခန့်သာ အသုံးပြုသော နေအိမ်အဆောက်အအုံတွင် ၆၀ အင်ပီယာ ဘရေကာတပ်ထားပါက အဆိုပါဘရေကာမှာ ပုံမှန်အလုပ်လုပ်မည်မဟုတ်ပါ။ သင့်လျော်သည့် ဘရေကာတပ်ထားမှသာ ရှော့ဆားကစ်ဖြစ်လျှင်ဖြစ်ခြင်း လျှပ်စီးကို ဖြတ်တောက်ခြင်းဖြင့် မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ မင်္ဂလာဈေး မီးလောင်မှုကဲ့သို့သော ဖြစ်စဉ်မျိုးများမှာ အကြောင်းရင်းကို သုံးသပ်မည်ဆိုပါက အရည်အသွေးမပြည့်မီသည့် သို့မဟုတ် လုံးဝအလုပ်မလုပ်တော့သည့် ပတ်လမ်းဖြတ်ခလုတ်(Circuit Breaker) များကို တပ်ဆင်ထားခြင်းကြောင့် ဖြစ်နိုင်ခြေရှိသည်ဟု သုံးသပ်တွေ့ရှိရပါသည်။ နန်းကြိုးပူးခြင်းအပြင် လျှပ်စစ်သုံးပစ္စည်းများနှင့် စက်ကိရိယာများမှာလည်း ရှော့ခ်(Short) ဖြစ်နိုင်ခြေ များစွာရှိပါသည်။ စက်ရုံများက မော်တာ(Motor) များမှာလည်း ရှော့ခ်ဖြစ်နိုင်ပါသည်။ မော်တာများ၏ အတွင်းပိုင်း နန်းကြိုးများကို ကာကွယ်ပေးထားသည့် လျှပ်တားပစ္စည်း (Insulation) များသည် သက်တမ်းကုန်ဆုံးလာသည့်အခါ ပျက်စီးပြီး နန်းကြိုးအချင်းချင်း ပူးထိသွားနိုင်ကာ ရှော့ခ်ဖြစ်နိုင်ပါသည်။

မော်တာကို သတ်မှတ်ထားသည့် ဝန် (load) ထက်ပိုမိုပြီး အသုံးပြုခြင်း၊ လျှပ်စစ်မီးက မကြာခဏ ပြတ်တောက်လိုက် ပြန်လာလိုက် ဖြစ်ခြင်းမျိုးများက မော်တာ၏ သက်တမ်းကို တိုတောင်းသွားစေပါသည်။ ထိုသို့ဖြစ်လာသည့်အခါ မော်တာများ၏အထဲက လျှပ်တားပစ္စည်းများ ပျက်စီးပြီး ရှော့ခ်ဖြစ်ကာ မီးလောင်နိုင်ပါသည်။ မီးလောင်မှုနှင့်ပတ်သက်သည့် သတင်းများမှာ "ဝါယာရှော့ခ်"ကြောင့်လို့ ဖော်ပြလေ့ရှိတတ်ကြသော်လည်း ယခုနောက်ပိုင်းတွင် အပူလွန်ကဲမှုကြောင့်ဟု ပြောင်းလဲဖော်ပြလာကြပါသည်။ လျှပ်စီး(Electric Current) ပမာဏ များလာတာနှင့်အမျှ အပူပိုမိုမြင့်တက်လာပါသည်။ ထိုသို့ အပူပမာဏတက်လာခြင်းသည် သုံးစွဲသည့် ဝန်(load)က ပုံမှန်ထက်များသွားလို့လည်း ဖြစ်နိုင်ပါသည်။

ထို့အပြင် ဝန်မများဘဲနှင့်လည်း သုံးစွဲသည့်ပစ္စည်းများ၏ အရည်အသွေး စံမမီသည့်အခါ အပူလွန်ပြီး မီးလောင်နိုင်ပြန်ပါသည်။ ကန်တော်ကြီးက ဟိုတယ်တစ်ခု မီးလောင်မှုနှင့်ပတ်သက်ပြီး နှစ်လကျော်အကြာတွင် "အလှဆင်မီးထွန်းဖို့ လိုင်းကြိုးအဟောင်းကနေ ဆွဲသုံးတာကြောင့်"ဟု ပြောဆိုခဲ့ပါသည်။ အမှန်တကယ်တော့ အလှဆင်မီးကြိုး ရှော့ခ်ဖြစ်ဖို့ အလားအလာ အလွန်နည်းပါးသည်ကို လျှပ်စစ်နည်းပညာအရ တွက်ချက်နိုင်ပါသည်။ ဟိုတယ်က မီးကြိုးအဟောင်းတွေ ဖြစ်နေတယ်ဆိုလျှင်တောင် မီးအလှဆင်တာနှင့် ရှော့ခ်ဖြစ်နိုင်ခြေကို သေသေချာချာ စစ်ဆေးသင့်ပါသည်။ လူများအချင်းချင်း ဆက်ဆံသည့်အခါတွင်လည်း ပြဿနာရှိရဲ့တရားခေါင်းပါးပြီး ပွတ်တိုက်မှုများဖြစ်လေ့ရှိတတ်ပါသည်။

အဆိုပါ ပွတ်တိုက်မှုတွေကို လျှပ်စစ်အင်ဂျင်နီယာစကားနှင့် ပြောမည်ဆိုလျှင် "ရှော့ခ်ဖြစ်နေကြတာ"ဟုပင် ပြောနိုင်ပါသည်။ လျှပ်စီးပမာဏ ကြီးမားလေလေ ဖြစ်လာသည့် မီးပွားက ပိုမိုပြင်းထန်လေလေဖြစ်ပြီး ပတ်ဝန်းကျင်ကို ပိုပြီး လောင်ကျွမ်းစေနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် လျှပ်စစ်ပစ္စည်းများ ဝန်အားလွန်ကဲပြီး ရှော့ခ်ဖြစ်ခြင်း၊ အပူလွန်ကဲပြီး မီးလောင်ခြင်းများမှ ကာကွယ်နိုင်ရန်အတွက် အဆောက်အအုံများနှင့် လျှပ်စစ်ပစ္စည်းကိရိယာများကို တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်ကိုက်ညီမှု ရှိ၊ မရှိ အဂတိကင်းရှင်းစွာနှင့် ကြပ်မတ်စစ်ဆေးသင့်ပါသည်။ လျှပ်စစ်နဲ့ပတ်သက်သည့် နည်းဥပဒေအသစ်များကိုလည်း အမြန်ဆုံး ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းသင့်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်ပါသည်။ လျှပ်စစ်စစ်ဆေးရေးဌာန၏ ဝန်ထမ်းအင်အားနှင့် စမ်းသပ်ပစ္စည်းကိရိယာအင်အားကိုလည်း တိုးမြှင့်ဖွံ့စည်းပေးနိုင်ရန်လည်း များစွာလိုအပ်လျက်ရှိပါသည်။ သို့မှသာ လျှပ်စစ်ဝါယာရှော့ခ်ကြောင့် မီးလောင်မှုအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သလို ဖြစ်ပွားမှုများကိုလည်း လျှော့ချလာနိုင်မည်လည်းဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။

## အောင်နိုင်တိုး မိုးစပါး High Yield Potential စံပြကွက်တွင် မြေဩဇာစုပေါင်းကြဲပက်

**ကျောက်ဆည် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် အောင်နိုင်တိုး မိုးစပါး High Yield Potential စံပြကွက် စိုက်ပျိုးထားသည့် မယ်ဇယ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၅၉)၊ ဦးပိုင်အမှတ် (၁၂၆/၂) တောင်သူ ဦးစိုးငွေ၏ မိုးစပါးခင်း၌ မြေဩဇာစုပေါင်းကြဲပက်ပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ရာ ကျောက်ဆည် ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စပါး စိုက်တောင်သူစုစုပေါင်း ၇၇ ဦး တက်ရောက်ခဲ့သည်။

မြေဩဇာစုပေါင်းကြဲပက်ပွဲတွင် ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်ငြိမ်းထွေးက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပန်းတိုင်သီးနှံ ၁၃မျိုးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်းပညာများကို တောင်သူများအား ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို (၃ အချိုး ၁) ရောစပ်၍ အသုံးပြုခြင်းဖြင့် သီးနှံများတွင် အကျိုးကျေးဇူးများစွာ ရရှိကြောင်းနှင့် ခရိုင်သီးနှံတာဝန်ခံ ဒေါ်ရီရီငွေးနှင့် မြေအသုံးချရေးတာဝန်ခံ ဒေါ်မို့မို့စိုးတို့က စပါးသီးနှံတွင် ကျရောက်တတ်သည့် ဖျက်ပိုးနှင့်ရောဂါများအကြောင်း၊ ကာကွယ်နည်းများ၊ ပိုးသတ်ဆေးများ စနစ်တကျကိုင်တွယ်နည်းများ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိုးညီ စနစ်တကျသုံးစွဲရေးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်က စံပြကွက်စိုက်ပျိုးထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တောင်သူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများက စုပေါင်းမြေဩဇာကြဲပက်ခြင်းအား ကြည့်ရှုခဲ့ကြောင်းနှင့် ကျောက်ဆည်မြို့နယ်အနေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီတွင် ဧရာမင်း၊ မနော်သုခ၊ ဆင်းသုခ၊ အောင်နိုင်တိုး၊ GW-11နှင့် GW-18 စပါးမျိုးများ အဓိကထားပြီး စုစုပေါင်း ၅၂၃၃၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ (အပေါ်ပုံ) (၄စ၅)





(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့၊ အမှတ်(၁)တပ်ခွဲ(မြစ်ကြီးနား)မှ တပ်ခွဲမှူး ဒုတိယရဲမှူးတင့်ဝေ ဦးစီးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၂ ရက် နံနက် ၇နာရီမှ ၈ နာရီအထိ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက် အမှတ်(၁၅)အခြေခံပညာမူလတန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (ကဆ)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၂)၊ ဦးပိုင်အမှတ်(၇) မချို အမည်ပေါက် ဘိုးဘပိုင်မြေကွက်အတွင်းမှ အရှေ့ဘက်ဆုံးအပိုင်း၏ မြောက်ဘက်ခြမ်း အရှေ့-အနောက်(၃၉ ပေ)၊ တောင်-မြောက် မျက်နှာစာ ပေ ၂၀၊ တောင်-မြောက် နောက်ကျော (၁၆ ပေ) ဧရိယာ အကျယ်အဝန်းရှိ မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ၊ မီး၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်မျိုးလွင်(ကွယ်လွန်)၏ ဇနီး ဒေါ်နွယ်အေးထိုက်ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဦးအောင်ခန့်ကျော်(ဘ)ဦးအောင်မင်းမြတ်(၉/မဟမ(နိုင်)၀၅၈၇၂၈)ကိုင်ဆောင်သူနှင့် ဒေါ်စုစုထွေးအောင်(ဘ) ဦးအောင်မင်းမြတ်(၉/မဟမ(နိုင်)၀၅၈၇၂၉)ကိုင်ဆောင်သူ မောင်နှမ(၂)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးစိုးရန်ပိုင် (LL.B) အထက်တန်းရှေ့နေ**
**(Thu Ta Law Firm)**
**သုခမင်္ဂလာ(၂)ရပ်ကွက်၊ စစ်သည်ခြံ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၂၁၂၀၅၅၊ ၀၉-၄၀၃၇၃၃၃၆၈၊ ၀၉-၉၆၀၆၅၂၈၄၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ်(၅၈-မ)၊ ဧရိယာ (၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ဒေါ်သောင်းရင်(ဘ)ဦးချစ်မောင်(၉/မနမ(နိုင်)၀၂၈၉၁၄)၊ ၂။ဦးအောင်သိန်း(ဘ)ဦးကြည်လင်(၉/မနမ(နိုင်)၀၂၈၉၁၆)၊ ၃။ဒေါ်စန်းစန်းမြင့်(ဘ)ဦးကြည်လင်(၉/မနမ(နိုင်)၀၂၈၉၁၇)၊ ၄။ဒေါ်လဲ့ယဉ်မြင့်(ဘ)ဦးမြင့်ဦး(၉/အမဇ(နိုင်)၀၁၅၃၃၈)၊ ၅။ဦးခန့်ဇော်ထွန်း(ဘ)ဦးမြင့်ဦး(၉/အမဇ(နိုင်)၀၃၉၅၄၀)နှင့် ၆။ဦးထွန်းတောက်လင်း(ဘ)ဦးမြင့်ဦး(၉/အမဇ(နိုင်)၀၆၃၃၅၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(cc-၁)၊ ဦးပိုင်အမှတ် (၂၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧကရှိ မြေကွက် တောင်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဦးထွန်းလှိုင်ဦး(ဘ)ဦးထွန်းဖေ (၉/မရတ(နိုင်)၀၀၇၀၅၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေ တချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးတင်ဇော်လတ် (LL.B) ဦးရဲကျော်သူ (LL.B) ဦးငြိမ်းချမ်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးစည်သူမြင့် (LL.M) အထက်တန်းရှေ့နေ**
**ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့ ။**
**ဖုန်း ၀၉-၄၀၂၆၂၃၁၂၈ ၊ ၀၉-၄၀၂၆၂၂၄၇၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၆)၊ ဦးပိုင်နံပါတ်(၃၅-ခ)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဟန်တင့်(ဘ)ဦးဘိုးထွေး(၉/မနမ(နိုင်)၀၆၀၅၉၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ** **ဒေါ်အိအိမွန် (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသဇင်အောင် (LL.M)** **တရားလွှတ်တော်ရှေ့နေ** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **တရားလွှတ်တော်ရှေ့နေ** **ဒေါ်မာလာစိုး (LL.B)** **အထက်တန်းရှေ့နေ** **ဒေါ်ဖူးသန့်မွန် (LL.B)** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်း(A) မှ **မယွန်းရွှေစင်ဖူး**၏ ဖခင်အမည်မှန်မှာ **ဦးငွေ(၉ /ခမစ (နိုင်)၀၁၈၇၇၅)** ဖြစ်ပါကြောင်း။

**ဦးငွေ(၉ /ခမစ(နိုင်)၀၁၈၇၇၅)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ-၅၁)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၁ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်မှာ ဦးသာပို အမည်ဖြင့် မြေငှားဂရန် ထွက်ရှိထားသော ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူနေထိုင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးဇင်ကိုဝင်း(ဘ)ဦးဝင်းညွှန့်(၁၃/မမတ(နိုင်) ၀၅၃၆၈၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေများထဲမှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အဆိုပါ မြေအရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လှဲ့လှဲ့နိုင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉)၊ ၃၂(A)လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၀၁၇၇၇၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ-၅၁)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၁ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်မှာ ဦးသာပို အမည်ဖြင့် မြေငှားဂရန် ထွက်ရှိထားသော ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူနေထိုင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးကံစိန်(ဘ)ဦးအေးလွင်(၅/ငဇန(နိုင်)၀၄၈၀၃၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေများထဲမှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အဆိုပါ မြေအရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လှဲ့လှဲ့နိုင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉)၊ ၃၂(A)လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၀၁၇၇၇၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၉)၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ(၀ ဒသမ ၁၁၅၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ ဒေါ်ရင်ဖိန်ဖန်(ခ)ဒေါ်ဝင်းမိ(ဘ)ဦးရင်ကြာကျင်(၁၃/နခန(ပြု)၀၀၀၀၁၀) ကိုင်ဆောင်သူမှ ဦးကြီးစိုး(ဘ)ဦးညီစိန်(EMDY-၂၇၈၃၇၁) ကိုင်ဆောင်သူအား မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး တွင် (၉-၄-၂၀၀၂)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၄၂/၂၀၀၂)ဖြင့် အထူးကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။

ယခုအခါ အထက်ပါ အထူးကိုယ်စားလှယ်လွှဲစာအား ဆက်လက်သုံးစွဲရန်မလိုအပ်ပါသဖြင့် ဖော်ပြပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၄၂/၂၀၀၂)အား ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ပါသည်။ အကယ်၍ ကန့်ကွက်လိုသူများရှိပါက (၁၄) ရက်အတွင်း ကြေညာသူထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကြေညာသူ –**
**ဒေါ်ရင်ဖိန်ဖန်(ခ)ဒေါ်ဝင်းမိ**
**အကွက်အမှတ်(၁၅၉)၊ ပုလဲငွေရောင်ရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၀၄၁၅၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၉)၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ(၀ ဒသမ ၀၃၈၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ ဒေါ်ရင်ဖိန်ဖန်(ခ)ဒေါ်ဝင်းမိ(ဘ)ဦးရင်ကြာကျင်(၁၃/နခန(ပြု)၀၀၀၀၁၀) ကိုင်ဆောင်သူမှ ဦးကြီးစိုး(ဘ)ဦးညီစိန်(EMDY-၂၇၈၃၇၁) ကိုင်ဆောင်သူအား မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး တွင် (၇-၆-၂၀၀၂)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၉၇/၂၀၀၂)ဖြင့် အထူးကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။

ယခုအခါ အထက်ပါ အထူးကိုယ်စားလှယ်လွှဲစာအား ဆက်လက်သုံးစွဲရန်မလိုအပ်ပါသဖြင့် ဖော်ပြပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၉၇/၂၀၀၂)အား ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ပါသည်။ အကယ်၍ ကန့်ကွက်လိုသူများရှိပါက (၁၄) ရက်အတွင်း ကြေညာသူထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကြေညာသူ –**
**ဒေါ်ရင်ဖိန်ဖန်(ခ)ဒေါ်ဝင်းမိ**
**အကွက်အမှတ်(၁၅၉)၊ ပုလဲငွေရောင်ရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၀၄၁၅၆**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၂၀)၊ ဦးပိုင်အမှတ်(၈၄)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးစံဝင်း(ခ)စန်းဝင်း ၏ (SP ရရှိသူ ဒေါ်ဝေဝေအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၂၃၆၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှယ်ဆိုင်း(၁/မညန(နိုင်)၁၀၀ ၃၃၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၆၀၂/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (အပိုင်း-၂)၊ ဦးပိုင်အမှတ်(၁၆+၁၅)အတွင်းမှ (၁၆)ခဲစင်း၊ ၅၃လမ်းနှင့် ၅၄ လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဒေါ်အေးလှ အမည်ပေါက် တော ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၇၁၉/၂၀၂၁)ဖြင့် အမွေ ဆက်ခံခဲ့သူ ဒေါ်ခင်မြင့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၂၅၆/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးကျန်စုံယို(၁၃/တမည(နိုင်)၀၁၂၆၉၃)က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၆၀၃/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

# အထူးပင်ကျေးဇူးတင်ရှိခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်သုံးဆယ်ဝင်းနေ ဒေါ်စိန်လှ၊ ဒေါ်သိန်းငွေး၊ ဒေါ်ထွေးထွေးသန်းတို့၏တူမ မဖြိုးဒေဝီတင့်၏အစ်မ၊ ရဲအုပ်(ဦးမောင်တင့်)+ဒေါ်စန်းစန်းမော်တို့၏သမီးကြီး မစုဝတီတင့် အသက်(၂၅)နှစ် B.Sc(Zool:)သည်(၂၉-၈-၂၀၂၅)ရက်၊ သောကြာနေ့ နံနက်(၄း၄၅)နာရီအချိန်တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားသော သမီးလေး

ရောဂါဖြစ်စဉ်ကတည်းက အစမှအဆုံးတိုင်အောင် စိတ်ရောကိုယ်ပါ တာဝန်ယူပြီး ကျောက်ကပ်အစားထိုးကုသရန်အတွက်ပါ စီစဉ်ပေးပြီး Private ဆေးရုံတွင်မှာပါ အခကြေးငွေမယူဆောင်ဘဲ Foc Patient အဖြစ် ကုသပေးသော MGH မန်းတောင်ရိပ်ခို ဇ ထပ်ဆောင်၊ ၇ လွှာ ဆီးနှင့်ကျောက်ကပ်ဌာနမှ 'ဒေါက်တာ ဝေလင်းထွန်း'၊ ခင်မင်မှုသက်တမ်း တစ်နှစ်တာကာလအတွင်းမှာ စိတ်ရောကိုယ်ပါ အစ်မတစ်ယောက်၊ အစ်ကိုတစ်ယောက်လိုပါ ပြုစုစောင့်ရှောက်ပေးသော Samsung Company: Service Dep: မှ Senior Technician Oo ၊ ညီမလေးအရင်းတစ်ယောက်ကဲ့သို့ မွေးကင်းစအချိန်ကတည်းက နောက်ဆုံးထိတိုင်အောင် (၂၅)နှစ်တာကာလပတ်လုံး အနီးကပ်ပြုစုစောင့်ရှောက်ပေးပါသော 'မျောက်မျောက်'၊ ဆေးရုံတက်ရောက်ကုသနေစဉ် လိုအပ်သော ပစ္စည်းများကို လိုလေသေးမရှိ အချိန်မရွေး ပို့ဆောင်ပေးပါသော 'ဦးနန်း+နှင်းနှင်း'၊ သမီး ဥမ်းဥမ်း၊ သမီးလေး၏ နောက်ဆုံးအချိန်တွင် နန်းတော်ဆေးရုံမှ နေအိမ်သို့ပို့ဆောင်ပေးပြီး ကိစ္စအားလုံးအပြီးထိတိုင်အောင် တာဝန်ယူလုပ်ဆောင်ပေးပြီး လူရော၊ ငွေပါကူညီဆောင်ရွက်ပေးပါသော အစ်ကိုကြီး 'ငြိမ်းမင်းသူ' သက်ပျောက်ဆွမ်းသွပ်ပေးပါသော ဆီမီးထွန်းကျောင်းတိုက်မှ ဦးဇင်းလေး သရဏဂုံနှင့်ရက်လည်ဆွမ်း၊ တရားဟောကြားပေးပါသော မိုးကောင်းကျောင်းတိုက်၊ အောင်မင်္ဂလာအုတ်ကျောင်းမှ ဘုန်းဘုန်းကြီးများ၊ နောက်ဆုံးအချိန်ထိ ကိစ္စအဝဝကို စလယ်အဆုံး တာဝန်ယူလုပ်ဆောင်ပေးသော စိတ္တရမဟီရပ်၊ သုံးဆယ်ဝင်းနေ 'ဦးမင်း+မေမိုး' ကိုကြီးလပြည့်နှင့် သမီးလေး၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ခဲ့ကြပါသော စိတ္တရမဟီရပ်၊ သုံးဆယ်ဝင်း ရပ်မိ၊ ရပ်ဖများ၊ ပြည်ကြီးတံခွန်မြို့နယ် သ/ ၁၂ ရပ်ကွက်မှ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ သမီးလေး၏ Zool Final Year (Yadanarbon University) မှ သူငယ်ချင်းများ၊ Samsung Company Service Dep: မှ သူငယ်ချင်းများနှင့် ရပ်နီး၊ ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၅)၊ ဦးပိုင်အမှတ်(၆၂-က+၆၂-ခ) မြေကွက်ပေါ်တွင် ဦးဝေလင်းထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/စကတ(နိုင်)၀၇၆၇၄၄)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၂)၊ ဦးပိုင်အမှတ်(၆၂+၆၅) မြေကွက်ပေါ်တွင် ဦးအောင်နွဲ့ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/လကန(နိုင်)၀၂၂၂၂၀)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၁)၊ ဦးပိုင်အမှတ်(၃၃) မြေကွက်ပေါ်တွင် ဒေါ်အေမီလှ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပမန(နိုင်)၁၄၈၃၆၆)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၇)၊ ဦးပိုင်အမှတ်(၇) မြေကွက်ပေါ်တွင် ဦးထွန်းထွန်းအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/မဘန(နိုင်)၀၁၁၃၉၄)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၁)၊ ဦးပိုင်အမှတ်(၃၀) မြေကွက်ပေါ်တွင် ဦးသိန်းထိုက် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၇/သကန(နိုင်)၀၀၄၇၀၉)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၇)၊ ဦးပိုင်အမှတ်(၆) မြေကွက်ပေါ်တွင် ဦးထွန်းအောင်ကျော် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/မဘန(နိုင်)၀၀၅၀၀၈)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၆)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ ဒသမ ၀၃၀၉)ဧကရှိ ဒေါ်ရင်စိန် အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်စိုးသိန်း(အဘ)ဦးထွန်းဝေ(၅/ကဘလ(နိုင်)၁၈၄၈၉၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ–၇/ စ၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၈၃)၊ ဦးပိုင်အမှတ်(၄၂)၊ ၁၄၁လမ်းနှင့်၁၄၂လမ်းကြား၊ ၄၈လမ်းနှင့်၄၉လမ်းကြားရှိ ဒေါ်လှလှဝင်း အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၈၅/၂၀၁၂)ဖြင့် အမွေဆက်ခံခဲ့သော ဦးကိုကိုဦး(၉/မဟမ(နိုင်)၀၁၀၁၅၁)၊ ဒေါ်ငယ်ငယ်ဦး(၉/မဟမ(နိုင်)၀၁၀၁၅၂)တို့က အမှုတွဲအမှတ်(၂၅၈၇/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း၊ ခွဲကျန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၆)၊ ဦးပိုင်အမှတ်(၆)၊ ၆၁လမ်းနှင့်၆၂လမ်းကြား၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမွတ်တား ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၆၁၈/၂၀၁၇)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်အေး(၉/မနတ(နိုင်)၀၇၄၀၀၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၅၉၈/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၆ဂ)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၀၁၉၁)ဧက အကျယ်အဝန်းရှိသော ဒေါ်နန်းစံခမ်း(ခ)မူရှူရှီ အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်ခွဲ အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ၊ (၂)လုံး (ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နန်းစံခမ်း(ခ)မူရှူရှီ(ဘ)ဦးမူဝင်ဖာ(၁၃/တကန(နိုင်)၁၃၁၉၉၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန်သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

❖ ဒေသအလိုက်ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်ရန် လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုနှင့် လက်ဝှေ့အားကစားအဖွဲ့များ လေ့ကျင့်နေမှုနှင့် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိဟိုတယ်များ ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝိတ်တန်းများအလိုက် အင်အားပြည့်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ဂျူဒိုနှင့် လက်ဝှေ့အားကစားအဖွဲ့များ အရှိန်အဟုန်မပြတ် ကြိုးစားလေ့ကျင့်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးသည်။



**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လက်ဝှေ့၊ ဖူဆယ်နှင့် တင်းနစ်လေ့ကျင့်ရေးကွင်းရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် ရေရှည်တည်တံ့စေရေး စိစစ်ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုအားကစားသမားများ၏ နည်းစနစ်ပိုင်းဆိုင်ရာလေ့ကျင့်နေမှု၊ အမျိုးသား (Nage-no-kata)နှင့် အမျိုးသမီး (Ju-no-kata) လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးပြီး အားနည်းချက်၊ အားသာချက်များကို ပြန်လည်လေ့လာသုံးသပ်ပြီး အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်နိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ မိမိတို့ရရှိထားသည့် စံချိန်စံညွှန်းများ ပိုမိုကောင်းမွန်အောင် နည်းပြဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုအတိုင်း စနစ်တကျလေ့ကျင့်သွားရန်၊ အုပ်ချုပ်သူ၊ နည်းပြများအနေဖြင့် ပြိုင်ပွဲအတွေ့အကြုံများများရရှိစေရန် အကြီးတန်းနှင့် အငယ်တန်းပြိုင်ပွဲများကို လစဉ်ကျင်းပပေးပြီး အားကစားသမားများ၏ အခြေအနေများကို လေ့လာသုံးသပ်၍ အားနည်းချက်၊ အားသာချက်များကို ပြန်လည်ပြုပြင် သင်ကြားလေ့ကျင့်ပေးသွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ လျှောင်ဒဏ်သင့်ဟိုတယ်များ ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ ဧည့်သည်လက်ခံနိုင်ရေးနှင့် ဝန်ဆောင်မှုပေးရန်ပြင်ဆင်ထားရှိမှု၊ ဟိုတယ်အလိုက် အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် အခမ်းအနားများ အဆင့်အတန်းမီစွာ လက်ခံကျင်းပနိုင်ရေးအတွက် အဆင့်မြင့်တင် ပြင်ဆင်မွမ်းမံဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အာရှဖလား ဖူဆယ်ခြေစစ်ပွဲတွင် မြန်မာအသင်းက မော်လ်ဒိုက်အသင်းကို ဂိုးပြတ်အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စု (H)ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက မော်လ်ဒိုက်အသင်းအား ၇ဂိုး၊ ၃ဂိုးဖြင့် ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့သည်။

မြန်မာအသင်းသည် မော်လ်ဒိုက်အသင်းအား ခြေစွမ်းအသာဖြင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂ မိနစ်နှင့် ၁၈ မိနစ်တွင် ငြိမ်းမင်းစိုး၊ ပွဲချိန် ၅ မိနစ်တွင် မင်းခန့်သူ၊ ပွဲချိန် ၇ မိနစ်တွင် နိုင်လင်းထွန်းကျော်၊ ပွဲချိန် ၁၅ မိနစ်နှင့် ၂၈ မိနစ်တွင် အောင်ဇင်ဦး၊ ပွဲချိန် ၂၂ မိနစ်တွင် မျိုးမြင့်စိုးတို့က အသီးသီးသွင်းယူပေးခဲ့သည်။



၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စု(H)တွင် မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့က တစ်ပွဲကစားပြီး ရမှတ် သုံးမှတ်စီ ရယူထားနိုင်ခဲ့သော်လည်း၊ မော်လ်ဒိုက်အသင်းမှာမူ နှစ်ပွဲကစားထားသော်လည်း နှစ်ပွဲစလုံးရှုံးနိမ့်ကာ ရမှတ် တစ်မှတ်မှ ရရှိထားခြင်း မရှိသေးပေ။

မြန်မာအသင်းသည် ၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စု (H)ဒုတိယပွဲစဉ်အဖြစ် စက်တင်ဘာ ၂၄ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

၂၀၂၆ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အုပ်စုပွဲစဉ်များအား အုပ်စု ရှစ်စုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာမှအသင်းများအနက် အကောင်းဆုံး ၇သင်း စုစုပေါင်း ၁၅သင်း ခြေစစ်ပွဲအောင်မြင်သွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

## ၂၀၂၅ Ballon d'Or ဆုပေးပွဲအခမ်းအနားတွင် နည်းပြ အန်နရီကေး၊ နည်းပြ ဆရီနာဝိဂ်မန်း၊ ယာမဲလ်နှင့် ဗစ်ကီလိုပက်ဇ်တို့ ဆုများ အသီးသီးဆွတ်ခူး

**လန်ဒန် စက်တင်ဘာ ၂၂**

၂၀၂၅ Ballon d'Or ဆုပေးပွဲအခမ်းအနားတွင် အကောင်းဆုံးအမျိုးသားနည်းပြဆုကို ပီအက်စ်ဂျီအသင်း နည်းပြ အန်နရီကေးနှင့် အကောင်းဆုံးအမျိုးသမီးနည်းပြဆုကို အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြ ဆရီနာဝိဂ်မန်း၊ အကောင်းဆုံးလူငယ်ကစားသမားဆုကို ယာမဲလ်နှင့် ဗစ်ကီလိုပက်ဇ်တို့က အသီးသီးဆွတ်ခူးခဲ့သည်။

နည်းပြ အန်နရီကေးသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းအား ချန်ပီယံလိဂ် ချန်ပီယံဆု၊ ပြင်သစ်လီဂူး ချန်ပီယံဆုများအပြင် အခြားဆုများစွာ ဆွတ်ခူးရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ထိုက်တန်စွာရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြ ဆရီနာဝိဂ်မန်းသည်လည်း အင်္ဂလန်အမျိုးသမီးလက်ရွေးစင်အသင်းအား ၂၀၂၅ အမျိုးသမီးယူရိုပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုလို အကောင်းဆုံးအမျိုးသမီးအသင်း နည်းပြဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ထို့အတူ အသက် ၂၁နှစ်အောက် ကစားသမားများအား ချီးမြှင့်သည့် အကောင်းဆုံးလူငယ်ကစားသမားဆုကိုလည်း ဘာစီလိုနာအသင်း တောင်ပံကစားသမား ယာမဲလ်က ဆွတ်ခူးခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမား ယာမဲလ်သည် အဆိုပါဆုအား ၂နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ထို့ပြင် အကောင်းဆုံးအမျိုးသမီးလူငယ်ကစားသမားဆုကိုမူ ဘာစီလိုနာအမျိုးသမီးအသင်း တိုက်စစ်မှူး ဗစ်ကီလိုပက်ဇ်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

(NGB)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

